UNITY
မြန်မာမိသားစုဖိုရမ်
2009
www.myanmarfamily.org
ကိုယ်မှာပင်နာသော်လည်း
စိတ်မှာမနာအောင်
ခင်ဧဝေတင့်


I am the sky. A thunderstorm may roll through, lightning may strike, but the sky stays the sky. Nothing sticks.

မြန်မာမိသားစုဖိုရမ်

(http://www.myanmarfamily.org)

မှ တင်ဆက်သည်

ကိုယ်မှာပင်နာသော်လည်း စိတ်မှာမနာအောင်

ခင်စောတင့်

Commercial use of this book is strictly prohibited

ဖဖဖဖ မြန်မာ e-Book မှတ်တမ်း ဆဆဆ

Scan ဖတ်သူ

ဖဝေယာင်း

PDF ဖန်တီးသူ

tu tu

ကဝဂ္ဂ ဒုနှစ်၊ ဝေလ

မြန်မာမိသားစုဖိုရမ် မှ တင်ဆက်သည်

မာတိကာ

သစ္စာထိန်တဲ့ မေတ္တာအိမ်

ခင်စောတင့်၏ ဘဝဖြစ်စဉ်မှတ်တမ်း

ကျေးလူးစကား

၁။ စားဘွယ်ဘောဇဉ် သတိထင် ၂

ဆင်ခြင်တတ်ပါစေ

၂။ ကိုယ်မှာပင် နာသော်လည်း ၁၁

စိတ်မှာမနာအောင်

၃။ မိမိကိုယ်သာ အားကိုးရာ ၂၀

၄။ နိုင်ငံခြားမှ ဘာသာရေးပြဿနာ ၃၀

အမေးအဖြေ

၅။ ကြည်ညိုဖွယ်စုံ မဟာဂန္ဓာရုံ ၄၁

၆။ အထီးကျန်ဖြစ်ခြင်းနှင့် ၄၉

တစ်ယောက်တည်းနေခြင်း

၇။ တစ်ဘဝသာသနာ ၅၆

အရှင်ယောသိတ

၈။ ကျွန်မတို့မှာ မိန်းမသား ၆၆

၉။ ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ် ၇၄

၁၀။ မြောင်မြို့မှ ၈၂

ဝက်မစွတ်အုတ်ကျောင်းကြီး

၁၁။ သာယာတင့်ထူး ခတ္တမန္ဒူး ၈၉

၁၂။ ရွှေပါရမီစခန်းမှ ၁၀၀

ခေမာပြည် လှမ်းကြပါစို့

၁၃။ ဒေါ်သစိတ်နှင့် အပေါင်းပါများ ၁၁၀

၁၄။ သေမင်းနှင့်ရင်ဆိုင်တွေ့သောအခါ ၁၁၈

၁၅။ စကားပြောသော ဓါတ်ပုံနှစ်ပုံ ၁၃၃

သစ္စာထိန်တဲ့ မေတ္တာအိမ်

စာရေးသူရဲ့ ရဟန်းမယ်တော်ကြီးတစ်ဦး ဖြစ်တဲ့ ဒေါ်ခင်စောတင့် (စာရေးဆရာမ ခင်စောတင့်) ရဲ့ အိမ်ခြံတံခါးဝမှာ "မေတ္တာအိမ်" ဆိုတဲ့ ဆိုင်းဘုတ်လေးတစ်ခု လှပစွာ ကပ်ထားပါတယ်။

မေတ္တာအိမ်ဆိုတဲ့ စကားစုလေးကို မြင်တွေ့လိုက်ရရုံနဲ့ နှလုံးအိမ်မှာ အေးချမ်းကြည်လင်သွားရတာမို့ မေတ္တာအိမ်ရဲ့ နောက်ခံရာဇဝင်ကို စိတ်ဝင်စားစွာ မေးကြည့်လိုက်မိတော့ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီရဲအောင်နဲ့ ပတ်သက်နေတယ်ဆိုတာ သိလိုက်ရပါတယ်။

အကယ်ဒမီရဲအောင်ရဲ့ ပထမဆုံး ပွဲဦးထွက် ဝိဒီယိုဇာတ်ကားကို ဒီအိမ်ကြီးမှာ ရိုက်ကူးသွားဘာတဲ့။ ဇာတ်ကားရဲ့နာမည်က "မေတ္တာအိမ်" တဲ့။ "မေတ္တာအိမ်" ဇာတ်ကားကစပြီး အောင်မြင်တဲ့ သရုပ်ဆောင်အနုပညာရှင်တစ်ယောက် ဖြစ်သွားခဲ့တယ်တဲ့။

Unity Publishing House

ဖာကယ်ဒမီရဲ့အောင်ရဲ့ ပထမဆုံး အနုပညာ ခြေလှမ်းကို အမှတ်တရ ဂုဏ်ပြုတဲ့ အနေနဲ့ရော၊ မေတ္တာတရား ထွန်းကားတဲ့ အိမ်ဂေဟာလေး ထာဝရ ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ "မေတ္တာ အိမ်" ဆိုတဲ့ အမည်နာမကို မြတ်နိုးစွာ ကင်ပွန်း တပ်ခဲ့ခြင်း ဖြစ်ပါတယ်။

ပညတ်သွားရာပဲ ဓာတ်သက်ပါလို့လား၊ ဓာတ်သက်ပါလို့ပဲ ပညတ်ထားတာလားတော့ မပြောတတ်ပါဘူး။ "မေတ္တာအိမ်" ဟာ လှိုက်လှဲ နွေးထွေးတဲ့ မေတ္တာဓာတ်တွေ အမှန်တကယ် လွှမ်းခြုံနေတယ်ဆိုတာ စာရေးသူကိုယ်တွေ့ သိလိုက်ရပါတယ်။

စာရေးသူရဲ့ တောင်ပေါ်တောရမှာ တောင်ဖြူ၊ မြေညို တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်နေတုန်းက ရန်ကုန်မှာ ခေတ္တခဏ သီတင်း သုံးခဲ့ဖူးပါတယ်။

စာရေးသူရဲ့ ရန်ကုန်စံကျောင်းက တိတ် ဆိတ်ငြိမ်သက်မှု အားနည်းတဲ့အတွက် ဝင်ဒါမီယာ

ထဲက တိတ်ဆိတ်ငြိမ်သက်မှု အပြည့်အဝရတဲ့ "မေတ္တာအိမ်" မှာ မနက်ပိုင်းနဲ့ နေ့လယ်ပိုင်း ခေတ္တ ခဏ သွားရောက်ပြီး စာရေးခဲ့ပါတယ်။

ရဟန်းမယ်တော်ကြီး ဒေါ်ခင်စောတင့်က စာရေးရာမှာ လိုအပ်တဲ့ အထောက်အကူပြု စာအုပ်စာတန်းတွေ ရှာဖွေပေးသလို သူမရဲ့ သား နှစ်ယောက်ကလည်း အသွားအပြန် တစ်လှည့်စီ ကားအကြိုအပို့ လုပ်ပေးပါတယ်။

သူမရဲ့ ခွေးမတွေက စားဖွယ်သောက်ဖွယ် လေးတွေ တစ်နေ့တစ်မျိုး မရိုးရအောင် စီစဉ်ဆက် ကပ်ကြသလို သူမရဲ့ မြေးတွေကလည်း စာရေးသူ စာရေးရတာ စိတ်ကြည်လင်လန်းဆန်းအောင် စာရေးစားပွဲခုံပေါ်မှာ မွှေးပျံ့သင်းကြိုင်တဲ့ ပန်း အလှမျိုးစုံ တစ်နေ့တစ်မျိုး ထိုးပေးကြပါတယ်။

အောက်ထစ်ဆုံး သုံးနှစ်အရွယ် မြေးလေး ကတောင် "ဘုန်းဘုန်း စာရေးလို့ကောင်းလား၊ ဘုန်းဘုန်း နေကောင်းလား" လို့ အားပေးစကား လာပြောတတ်ပါသေးတယ်။

လူတွေနဲ့ မရောနှောတဲ့ အပေါ်ထပ် သီးသန့် အခန်းကျယ်လေးထဲမှာ ခြံထဲက သစ်ပင် ပန်းမန်မျိုးစုံကို ကြည့်ရှုရင်း၊ ကျေးငှက်သာရကာ တွေရဲ့ သဘာဝသံစဉ်ကို နားဆင်ရင်း တရား စာအုပ်နှစ်အုပ် ရေးသားပြီးဆုံးခဲ့ပါတယ်။ "မသေခင် ဘာလုပ်ကြမလဲ" စာအုပ်နဲ့ "ရဲရင့်သူတို့၏ နေရာ" စာအုပ်တွေပါ။

"မေတ္တာအိမ်" ရဲ့ အရိပ်အာဝါသအောက်မှာ သစ္စာထိန်တဲ့ တရားစာအုပ်နှစ်အုပ် အောင်မြင်စွာ မွေးဖွားသန့်စင်နိုင်ခဲ့ပါတယ်။

အခု မေတ္တာအိမ်ရဲ့ အိမ်ကြီးသခင်မဖြစ်တဲ့ ဒေါ်ခင်စောတင့်က သူမကိုယ်တိုင်ရေးသားတဲ့ တရားစာအုပ်တစ်အုပ် ထုတ်တော့မယ်ဆိုတာ သိလိုက်ရတော့ မေတ္တာအိမ်ဟာ မေတ္တာတရားသာ ထွန်းကားတာမဟုတ်ပဲ သစ္စာတရားပါ ထွန်းကားတာ ပါလားလို့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မိပြန်ပါတယ်။

အမျိုးသမီးတွေရဲ့ တရားဓမ္မနဲ့ပတ်သက်

ဟဲ့ စွမ်းဆောင်ချက်တွေကို မြင်ရကြားရတိုင်း သောမာထေရီ ဘိက္ခုနီမကို စာရေးသူ အမြဲ သတိရမိပါတယ်။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက သောမာအမည်ရတဲ့ (ဗမာလို ခင်လပြည့်ဝန်း) ဘိက္ခုနီထေရီမတစ်ပါး ရှိခဲ့ဖူးပါတယ်။

သောမာထေရီဟာ အမျိုးသမီးဖြစ်ပေမယ့် အမျိုးသား ရဟန်းတော်တွေလိုပဲ တရားဘာဝနာ ကလုပ်ကို စွမ်းစွမ်းတမံ ကြိုးစားအားထုတ်နိုင်ပါတယ်။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို အထွတ်အထိပ်ရောက် ပြီးပြည့်စုံအောင် ကြိုးစားဖြည့်ကျင့်နိုင်သူပါ။

ဆိပ်ငြိမ်ရာမှာပဲ အမြဲမွေ့လျော်တဲ့ သောမာထေရီဟာ တစ်နေ့တော့ ဇေတဝန်ကျောင်းရဲ့ နောက်ကျောဘက်မှာရှိတဲ့ အန္ဓဝန်ဟာအုပ်ကြီးထဲကိုကြွပြီး သစ်ပင်တစ်ပင်အောက်မှာ တရားနှလုံးသွင်းရင်း နေ့သန့်စင်နေပါတယ်။

အဲဒီအချိန်မှာ သူတစ်ပါးကို မဟုတ်တာ

လုပ်ဖို့ပဲ တိုက်တွန်းတတ်တဲ့ မာရ်နတ် ရောက်လာပြီး သောမာထေရီကို ကြောက်ရွံ့ထိတ်လန့်အောင်၊ ကြက်သီးမွေးညင်းထအောင်၊ သမာဓိပျက်အောင် အနှောင့်အယှက်ပေးပါတယ်။

"အို. . . အရှင်မ၊ မင်္ဂိုလ်နိဗ္ဗာန် တရား ထူးတရားမြတ်ဆိုတာ ယောကျ်ားမြတ်ဖြစ်တဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓ၊ ရဟန္တာအရှင်မြတ်ကြီးတွေသာ ရနိုင်ရောက်နိုင်တဲ့ အရာပါ။

"အဲဒီ ယောကျ်ားမြတ် ပုဂ္ဂိုလ်ကြီးတွေ တောင်မှ အလွန်တရာ ခက်ခက်ခဲခဲ ကြိုးစားပြီးမှ အင်မတန် ပင်ပင်ပန်းပန်း အားထုတ်ပြီးမှ ရယူနိုင်ကြတာပါ။

"အရှင်မတို့လို လက်နှစ်သစ်လောက်ပဲ ပညာဉာဏ်ရှိတဲ့၊ ပညာဉာဏ်အင်မတန် နိမ့်ကျတဲ့ မိန်းမသားတွေအနေနဲ့ တရားထူးတရားမြတ် ရဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး အရှင်မ။

"တရားမရနိုင်မယ့်အတူတူတော့ စောစောစီးစီး လူထွက်ပြီး ကာမဂုဏ်ချမ်းသာ ခံစားတာပဲ ကောင်းလိမ့်မယ် ထင်ပါတယ်။ နို့မို့ရင် ငါမှားလေခြင်းလို့ နောက်မှ နောင်တရလိမ့်မယ် နော်. . . အရှင်မ"

ရုတ်တရက်တော့ သောမာထေရီလဲ ဒီစကားတွေပြောနေသူဟာ လူလား၊ နတ်လား ခွဲခြားမရ ဖြစ်နေပါသေးတယ်။ အဘိညာဉ်တန်ခိုး သုံးပြီး ဆင်ခြင်ကြည့်လိုက်တော့မှ မာရ်နတ် လာနှောင့်ယှက်မှန်း သိလိုက်ရပါတယ်။

"အို. . . မာရ်နတ်၊ မိန်းမဘဝ၊ ယောကျ်ား ဘဝဆိုတဲ့ ဘဝသတ်မှတ်ချက်က ဘာလုပ်လို့ ရမှာတုန်း၊ မိန်းမဘဝဖြစ်တော့ရော ဘာဖြစ်သေးလဲ။"

"တကယ်တော့ ကိုယ့်စိတ်ကို ကမ္မဋ္ဌာန်း အာရုံမှာ ကောင်းစွာ ထုံထားနိုင်မယ်၊ အဲဒီလို ထုံထားနိုင်တဲ့အတွက်ကြောင့် သစ္စာဉာဏ် မင်္ဂိုလ်ဉာဏ် ဖြစ်ပေါ် လာမယ်ဆိုရင် မိန်းမဘဝဆိုတာကြီး စကားထဲ ထည့်ပြောနေစရာ မလိုတော့ပါဘူး"

"နည်းမှန် လမ်းမှန် သတိပဋ္ဌာန် ဝိပဿနာ တရား ရှုပွားနေသူတွေအတွက် မိန်းမဘဝ၊

ယောက်ျားဘဝဆိုတဲ့ ဘဝသတ်မှတ်ချက်တွေဟာ အဓိကပဓာန မဟုတ်ပါဘူး။

"ငါ မိန်းမပဲ၊ ငါ ယောက်ျားပဲ၊ ငါ နပုံးပဲ (ငါ အခြောက်ပဲ) လို့ ကိုယ့်ဘဝကိုယ် တဏှာ၊ မာန၊ ဒိဋ္ဌနဲ့စွဲလမ်းနေတဲ့ သူတွေကိုသာ "တရားထူးရဖို့ မလွယ်ဘူးလို့" သင်ပြောသင့်ပါတယ်. . မာရ်နတ်"

သောမာထေရီရဲ့ ချက်ကျလက်ကျ ချေပစကားကို ကြားရတဲ့ မာရ်နတ်လဲ "ငါတော့ စကားစစ်ရှုံးပြီး၊ ဒီဘိက္ခုနီမတော့ ငါ့ကို မာရ်နတ်မှန်းသိသွားပြီ" ဆိုပြီး မရွှင်သောနှလုံး၊ ညှိုးချုံးသောမျက်နှာနဲ့ အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားပါတယ်။

ကုသိုလ်တရား တိုးပွားဖို့ တရားထူးတရားမြတ်ရဖို့အတွက် ယောက်ျားဘဝ၊ မိန်းမဘဝ ယောက်ျားမဟုတ် မိန်းမ မဟုတ်၊ နပုံးပဏ္ဏုတ်၊ အခြောက်ဘဝဆိုတဲ့ ဘဝသတ်မှတ်ချက်တွေက အဓိကပဓာနမကျပါဘူး။ ကာယကံရှင်ရဲ့ ကြိုးစား

အားထုတ်မှုကသာ အဓိက ပဓာနကျပါတယ်။

ယောက်ျားဖြစ်ရုံသက်သက်နဲ့ မြင့်မြတ်သူတစ်ယောက် ဖြစ်မလာနိုင်သလို မိန်းမဖြစ်ရုံသက်သက်နဲ့လဲ ယုတ်နိမ့်သူတစ်ယောက် ဖြစ်မသွားနိုင်ပါဘူး။ ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် မြင့်မြတ်တဲ့ အလုပ်လုပ်ရင် မြင့်မြတ်သူဖြစ်ပြီး ယုတ်နိမ့်တဲ့အလုပ်လုပ်ရင် ယုတ်နိမ့်သူဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ မြင့်မြတ်မှု၊ ယုတ်နိမ့်မှုကို သူလုပ်တဲ့အလုပ်နဲ့ပဲ တိုင်းတာဆုံးဖြတ်ရမှာပါ။

ယောက်ျားစင်စစ်ဖြစ်ပေမယ့် ယုတ်နိမ့်တဲ့အလုပ်လုပ်နေရင် "ငါယောက်ျားမြတ်" လို့ အသားလွတ် ဂုဏ်ယူခွင့်မရှိသလို မိန်းမစင်စစ်ဖြစ်ပေမယ့် မြင့်မြတ်တဲ့ အလုပ်လုပ်နေရင် "ကျွန်မတို့က မိန်းမသားတွေပါ၊ တစ်ချက်လောက်တော့ ငဲ့ညှာပါဦးနော်" လို့ အားနွဲ့နေစရာ မလိုပါဘူး။

ဒီသဘောတွေကို နားလည်ယုံကြည်တဲ့ ရဟန်းမယ်တော်ကြီး ဒေါ်ခင်စောတင့်ကတော့

ဒါနကောင်းမှု၊ သီလကောင်းမှုတွေကိုလဲ အစွမ်းကုန် ပြုလုပ်ပါတယ်။ တရားပွဲတွေဆိုရင်လဲ မလွတ်တမ်း သွားရောက်နာယူပါတယ်။ တရားစခန်းတွေလဲ မကြာခဏဝင်ပြီး ဝိပဿနာအလုပ်အားထုတ်ပါ တယ်။ အိမ်မှာနေရင်လဲ အတတ်နိုင်ဆုံး သတိကပ် ပြီး တရားအသိမြဲအောင် ကြိုးစားပါတယ်။

ခွီးကျူးလေးစားဖွယ်ကောင်းတဲ့ အချက် ကတော့ အပြဟ္မစရိယ သိက္ခာပုဒ်ကို အသက် လေးဆယ်ကျော်အရွယ် ခင်ပွန်းသည် အသက် ထင်ရှားရှိစဉ်ကတည်းကနေ အခု အသက်ခြောက် ဆယ်ကျော်အချိန်အထိ မကျိုးမပေါက် မပျောက် မကျားအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ခြင်း ပါပဲ။ (နှစ်အနည်းငယ်ကမှ ခင်ပွန်းသည် ဆုံးပါး သွားတာပါ။)

မမြတ်သောအကျင့်ကို ရှောင်ကြဉ်ပြီး မြတ်သောအကျင့်ကို ကျင့်သုံးနေသူမို့ "မိန်းမမြတ်" စာရင်းဝင်တဲ့ ရဟန်းမယ်တော်ကြီး ဒေါ်ခင်စော တင့်ဟာ စာပေဝါသနာပါသူလဲ ဖြစ်တာကြောင့်

သူမရဲ့ ကိုယ်တွေ့ အဖြစ်အပျက်လေးတွေ၊ ကိုယ်တွေ့ ခံစားချက်လေးတွေကို အခြေပြုပြီး တရားဓမ္မဆောင်းပါးလေးတွေ အလျဉ်းသင့်သလို ရေးသားခဲ့ပါတယ်။

မဂ္ဂဇင်းပေါင်းစုံမှာ တစ်စစီ ကြဲပြန့်နေတဲ့ ဆောင်းပါးတွေကို စုစည်းပြီး လုံးချင်းစာအုပ် ထုတ်တော့မယ်ဆိုတာ သိရတော့ မိန်းမမြတ် တစ်ယောက်ရဲ့ စွမ်းဆောင်ချက်ကို ဂုဏ်ယူဝမ်း မြောက်မိပါတယ်။ (တရားစာပေရေးတဲ့ အမျိုးသမီး ဆိုတာကလဲ အရှားသား)

တရားစာပေ ရေးတယ်ဆိုတာ ကိုယ့်ဘဝ ကိုယ့်ကမ္ဘာမှာ ထိန်လင်းနေတဲ့ သစ္စာဉာဏ်အလင်း ကို သူများဘဝ၊ သူများကမ္ဘာတွေမှာလဲ ထိန်လင်း အောင် ထွန်းညှိဝေငှနေတာပါ။

တရားစာပေ စွမ်းနိုင်သမျှ ရေး၊ တရား ဘာဝနာလည်း စွမ်းနိုင်သမျှ အားထုတ်နေတာမို့ ရဟန်းမယ်တော်ကြီး ဒေါ်ခင်စောတင့်ရဲ့အိမ်ဟာ "သစ္စာထိန်တဲ့ မေတ္တာအိမ်" ကလေးပါ။

မင်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ သစ္စာအလင်း
ဓါတ်ကို အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်သွား
မယ်ဆိုရင်တော့ ဒီထက် သစ္စာထိန်တဲ့ မေတ္တာ
အိမ် လောကမှာ ရှိနိုင်ပါဦးမလား။

ပကာသန အပြစ်မပါတဲ့
သဘာဝ မေတ္တာအိမ်မှာ
ထာဝရ သစ္စာထိန်ပါစေလို့ ဆုတောင်း
ရင်း. . . . . ။

အပ္ပမာဒေန သမ္မာဒေထ။

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

(၃ . ၂ . ၂၀၀၀)

Unity Publishing House



ဦးဘတင့်၏ အဝဖြစ်ခဲ့မှုတ်တမ်း

၁၉၃၇ ခုနှစ်၊ ဧပြီလ (၂၀) ရက်၊ အင်္ဂါနေ့တွင် ရန်ကုန်မြို့၌ ဦးဘတင့် (I.C.S) နှင့် ဒေါ်ခင်စောမူ (ခေတ်စမ်းစာပေခေတ်စာဆို) တို့မှ မွေးဖွားသည်။ မွေးချင်းနှစ်ယောက်အနက် မောင်ဖြစ်သူမှာ ဦးနေအုပ်တင့် (နေအုပ် စိန်ပေါ်) ဖြစ်သည်။

၁၉၆၀ ခုနှစ်တွင် မြန်မာအနုစာပေ၊ အင်္ဂလိပ်စာပေ၊ မနုဿဗေဒဘာသာတို့ဖြင့် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

စက်မှုတက္ကသိုလ် (အင်္ဂလိပ်စာဌာန) (၁၉၆၄ - ၁၉၇၆)

တက္ကသိုလ် စာပေးစာယူသင်တန်းဌာန (အင်္ဂလိပ်စာဌာန) (၁၉၇၇-၁၉၈၁)

ဆေးတက္ကသိုလ် (၁) (အင်္ဂလိပ်စာဌာန) (၁၉၈၂-၁၉၉၅) တို့တွင် နည်းပြအဖြစ်

ကမ်းဆောင်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ဘာသာရေးဆောင်းပါးများ၊ ခရီးသွားဆောင်းပါးများ၊ ဘာသာပြန်များ ရေးသားလျက်ရှိသည်။

ကျေးဇူးတင်စကား

ကျွန်မသည် စာရေးဆရာမဟုတ်ပါ။ မိဘနှစ်ပါးနှင့်ဘကြီးများကမူ စာပေမျိုးရိုးဆက်များဖြစ်ကြသည်။ ဖခင်က အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများ၊ အယ်ဒီတာထံ ပေးစာများ၊ ခေါင်းကြီးပိုင်းဆောင်းပါးများ ရေးခဲ့သည်။ မိခင်မှာကား ခေတ်စမ်းစာပေခေတ်က ကဗျာများ၊ ဝတ္ထုတိုများ၊ ပုံပြင်များ ရေးသားခဲ့သော စာဆိုဖြစ်ပါသည်။ မောင်ဖွစ်သူမှာ ဘာသာပြန် ဆောင်းပါးများ ရေးခဲ့သောကြောင့် နေအုပ် (စိန်ပေါလ်) ဟူသော နာမည်တစ်လုံး ပိုင်ဆိုင်ခဲ့ပါသည်။

ကျွန်မသည် တက္ကသိုလ်တွင် အင်္ဂလိပ်အနုစာပေ၊ မြန်မာအနုစာပေတို့ကို သင်ကြားခဲ့ရသည့်အလျောက် ဘာသာရပ်နှစ်မျိုးစလုံးကို စိတ်ဝင်စားခဲ့ပြီး အင်္ဂလိပ်၊ မြန်မာစာပေများ အစဉ်တစိုက် ဖတ်ခဲ့သည်သာ ဖြစ်ပါသည်။

ဘာသာပြန်ရသည်ကိုလည်း ဝါသနာပါခဲ့ပါသည်။ အင်္ဂလိပ်စာဌာနတွင် အနှစ်သုံးဆယ်မျှ အလုပ်လုပ်ခဲ့ရသော်လည်း မြန်မာစာပေကို ပိုမို အားသန်ခဲ့ပါသည်။ စာဖတ်အားသာရှိ၍ စာရေးသားရန် မကြိုးစားခဲ့ဘူးပါ။

အငြိမ်းစားယူပြီးနောက် တရားရိပ်သာများတွင် သတိပဋ္ဌာန်တရား အားထုတ်ရင်း ကဗျာများ ပွင့်လန်းလာခဲ့ပြီး၊ ဘာသာရေးဆောင်းပါးများ စတင်ရေးသားခဲ့ပါသည်။ မည်ကဲ့သို့သော အကြောင်းအရာကိုဖြစ်စေ တရားသဘောနှင့် ကြည့်မိပြီး လူအများကိုလည်း ဖြန့်ဖြူးဝေမျှချင်သော စေတနာဖြင့် ရည်သန်၍ ရေးခဲ့ပါသည်။

ဆရာတော်ကြီးများ၏အရိပ်တွင် ခိုလှုံခွင့်ရသည့်အလျောက် ဆရာတော်ကြီးများ၏ တရားအဆုံးအမများက အများဆုံး အထောက်အကူပေးခဲ့ပါသည်။ ယောဆရာတော်ဘုရား၊ တစ်ဘဝသာသနာ ဦးဃောသိတ၊ မဟာမြိုင်တောရဆရာတော် ဦးဇောတိက၊ အရှင်ဆန္ဒာဓိက

(ရွှေပါရမီတောရ) တို့၏ ကျေးဇူးတော်အစုံကို ဦးခိုက်ပါသည်။ စာအုပ်ထုတ်ဖြစ်ရန် အားပေးတော်မူပြီး မအားမလပ်သည့်ကြားမှ အမှာစာ ချီးမြှင့်တော်မူသော အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) အား ကျေးဇူးအထူးတင်ရပါသည်။

ဘာသာရေးမဂ္ဂဇင်းများတွင် ရေးသားရသည်မှာ ရဟန်းအကျော်အမော်များ၊ ပါဠိပါရဂူများ၊ ဓမ္မာစရိယများ၊ ဝါရင့် စာရေးဆရာကြီးများကြားတွင် တိုးဝင်ရသော အမျိုးသမီးတစ်ဦးအနေဖြင့် အားငယ်စိတ် ရှိခဲ့ပါသည်။ ဆရာတော် ဦးယောသိတက ကျွန်မ၏ "သေမင်းနှင့် ရင်ဆိုင်တွေ့သောအခါ" ဆောင်းပါးကို ဖတ်ပြီး "အရေးအသား သိပ်သည်းတယ်" ဟု မိန့်တော်မူသော စကားသည် ကျွန်မအတွက် ပို၍ကြိုးစားရန် အားဆေးတစ်ခွက် ဖြစ်ခဲ့ပါသည်။

ကျွန်မ၏ ဆောင်းပါးများကို အစဉ်တစိုက် ထည့်ပေးခဲ့သော "ဇမ္ဗူရတနာ" မှ ဒေါ်စန္ဒီမာလာ၊ ဆရာ ဦးကြည်အောင်၊ "ဓမ္မရံသီ" နှင့်

"ဓမ္မရတနာ" မှ ဆရာ ဦးလေးမြိုင်၊ အမြဲအားပေးခဲ့သော "ဓမ္မရတနာ" မှ ဒေါ်ခင်သူသူဝင်း၊ "ကလျာ" မဂ္ဂဇင်းမှ ဓမ္မမိတ်ဆွေ ဒေါ်ကလျာနှင့်တကွ ဤစာအုပ် ဖြစ်မြောက်ရေးအတွက် စေတနာအပြည့်နှင့် ဝိုင်းဝန်းကူညီခဲ့ကြသော Unity စာပေအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

လေးစားစွာဖြင့်

ခင်စောတင့်

စားဘွယ်ဘောဇဉ် သတိထင် ဆင်ခြင်တတ်ပါစေ

ရသတဏှာနှင့် ပတ်သက်၍ ယခုခေတ် စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေမှာ ဈေးကြီးပေးပြီး စားသောက်နေကြတာတွေ ကြားသိနေရတော့ ဘဝင်မကျလှပါ။ လူဆယ်ယောက် သွားစားတာ လေးသောင်းကုန်တာတို့၊ ထိုင်းအစားအစာ သွားစားတာ ငရုပ်သီးကစပ်၊ ငါးပိကို တို့တို့စားခဲ့ရပြီး ခြောက်သောင်းကုန်ခဲ့တာတို့ စသည်ဖြင့် ကြောက်ခမန်းလိလိ ကြားနေရသည်။ စားတာ သောက်တာနှင့် ပတ်သက်လျှင် ဆရာတော်ကြီးများကို အတုယူစေချင်လှပါသည်။

ယောဆရာတော်ဘုရားဆိုလျှင် သက်[illegible]လွတ် ဘုဉ်းပေးပါသည်။ သင့်တင့်လျော်ကန်[illegible]လောက်သာ ဘုဉ်းပေးတော်မူပါသည်။ ကျွန်မ[illegible]ကိုပ်မှာ ဆွမ်းကပ်သည့်အခါ ဆွမ်းဟင်း အမယ်[illegible]၊ အချိုပွဲများ စားပွဲလျှံနေအောင် ကပ်မိလျှင် "များလှချည်လား ဒကာမကြီး" ဟု မိန့်တော်[illegible]တတ်သည်။ အသီးအနှံများကို နှစ်သက်တော်[illegible]ပါသည်။ ကျွန်မ အိန္ဒိယရောက်တော့ စပျစ်သီး[illegible] ရာ အင်မတန် ချိုပြီး အစေ့လုံးဝမပါပါ။ ယော[illegible]ဆရာတော်ဘုရားကြီးသည် ဝိနည်းဓိရ် ဆရာတော်[illegible]နှစ်သည်နှင့်အညီ အစေ့ပါသော သစ်သီးကို ဘုဉ်းပေးတော်မမူပါ။ ထိုစပျစ်သီးကို ဆရာတော်[illegible]ဘုရားအား ကပ်ချင်သောဆန္ဒ ပြင်းပြမိသည်။ ပြန်[illegible]လာတော့ စပျစ်သီးတစ်ကီလိုထုပ်ကို မထိခိုက်[illegible]အောင် ဂရုတစိုက် သယ်လာပြီး ဆရာတော်ကို ကပ်လှူရပါ၍ ကြည်နူးဝမ်းသာရပါသည်။

မဟာမြိုင်တောရဆရာတော် ဦးဇောတိက[illegible]သည် အစားအသောက်ကို တကယ်ကို ရိုးရိုးပဲ

ဘုဉ်းပေးပါသည်။ ဟင်းသီးဟင်းရွက်များများ၊ ဆီလည်းမများစေရ၊ အငံလည်း နည်းနည်း၊ အချိုမှုန့်လည်း ဘုဉ်းမပေးပါ။ အညာပဲရေပွကြော် သွားကပ်တော့ "ပဲဆိုရင် အကုန်ကောင်းတာပါပဲ ဒကာမကြီး" ဟု မိန့်တော်မူပါသည်။ နောက်ဆုံး တစ်ခေါက် ရန်ကုန်ကို ကြွလာတော့ ဘယ်အိမ်ကိုမှ ဆွမ်းစားမကြွတော့ပါ။ ဒကာဒကာမတွေ မေတ္တာစေတနာထားပြီး ကပ်ကြတဲ့ အစားအသောက်များကို ဘုဉ်းပေးပြီး ကျန်းမာရေးနဲ့ မညီညွတ်လို့ပါတဲ့ "တောရမှာ ရွာကို ဆွမ်းခံကြရင်၊ ဆွမ်းဟင်းခွက်တွေကို စားပွဲပေါ်မှာ စီတင်ထားတယ်။ ဘုန်းဘုန်းကြိုက်နှစ်သက်တဲ့ ဆွမ်းဟင်းခွက်ကို ကောက်ပြီး ယူသွားရုံဘဲ အဲဒီစနစ်လေး သိပ်ကောင်းတယ်" ဟု မိန့်ပါသည်။

တရားခွေထဲမှာလဲ "လောဘအလိုကို လိုက်ပြီး မတန်တဆ စွေးကြီးပေးပြီး လူသုံးယောက် စားတာကို ငါးထောင်လောက် ကုန်တယ်ဆိုတာ မလွန်လွန်းဘူးလား။ ဒီတစ်နပ် စားပြီးရင် နောက်

ကြန်နပ် ပြန်စားရတာဘဲ အလွန်ဆုံး ခြောက်နာရီ လောက် ခံတာပါဘဲ။ ဒီလို စားမယ့်အစား ချို့တဲ့တဲ့သူတွေကို ဆန်တစ်ပြည်ပေးလိုက်စမ်းပါ။ ကိုးမယောက်ထဲ ထောင့်ငါးရာဘိုး စားတာထက် များစားလိုက်မယ်ဆိုရင် လူဆယ်ယောက် စားလို့ ရပါတယ်" ဟု ရသာတဏှာနှင့် ပတ်သက်၍ အကျယ်တဝင့် ဟောထားပါသည်။ ဆရာတော် ပြောပြောလျက် ပြန်ကြွလာရင် လူဆယ်ယောက် စားတာ လေးသောင်းကုန်တယ်ဆိုတာ လျှောက် ထားရသော် ဘယ်လိုများ မိန့်မည်မသိပါ။

ကျွန်မတို့အဖေသည် စည်းကမ်းစံနစ် ကျပန်ကြီးပါသည်။ နံနက်ခင်းစာ၊ မနက်ထမင်း၊ နေ့လည် လက်ဖက်ရည်ချိန်၊ ညစာ ထမင်းချိန်က ပျံကြီး ကြားကာလမှာ ဘာမှ မစားရပါ။ ညစာကို ည ၇ နာရီခွဲတိတိမှာ မောင်းထုသံကြားရမှ စုံစုံညီညီ စားကြရသည်။ ထမင်းစားပွဲ စည်းကမ်းများက အများကြီးပါ။ ကုလားထိုင်မှာ မတ်မတ်ထိုင်ရမည်။ ပါးပျဉ်းပလောင်းနှင့် စကားမပြောရ၊ ဇွန်းသံ၊

ပန်းကန်သံ မကြားစေရ။ အသံမြည်အောင် မစား
ရ၊ ဟင်းသီးဟင်းရွက် မစားမနေရ။ အဝအပြဲ
မစားရ။ လေချဉ်တက်သည်အထိ စားလွှင့် မကြိုက်
ပါ။ အစာမကြေ ဖြစ်တတ်သည်တဲ့၊ သူ ကိုယ်တိုင်
လည်း ထမင်းကို အတိုင်းအတာနဲ့ စားပါသည်။
ပိုထည့်ပေး၍ မရပါ။ အပြင်ကလည်း မစားရပါ။
တစ်လတစ်ခါ တရုတ်စာ၊ အိန္ဒိယစာ အိမ်မှာ
ဝယ်ကျွေးပါသည်။ ထမင်းစားပြီးလျှင် အသီးအနှံ
တစ်မျိုးမျိုး ကျွေးပါသည်။ သားသမီး မြေးများ
အထိတော့ စည်းကမ်းလုပ်လို့ရသည်။ အခု မြစ်
များလက်ထက်မှာ စားချင်သလိုစား၊ နေချင်သလို
နေနေကြတာများ အဖေတွေ့ရရင် လုံးဝ စိတ်တိုင်း
ကျမည်မဟုတ်ပါ။ ကျွန်မတို့သည် အဖေ့ကျေးဇူး
ကြောင့် စည်းနဲ့ကမ်းနဲ့ မွှမွှတတ နေတတ် စားတတ်
ကြတာပါ။

ကျွန်မ၏ခင်ပွန်းမှာ ဆီးချိုရောဂါနှင့်
နှစ်ပေါင်းအတော်ကြာ နေသွားပါသည်။ ထမင်း၊
သစ်သီးစသော ချိုအီဆိမ့်သော အစားအသောက်

ကျွေးနှင့် မတည့်သော ရောဂါဆိုတော့ ထမင်း
ကို နပ်ပဲ စားစေပြီး၊ ညဘက် ထမင်းမစားဖြစ်
အောင် ချာပါတီ၊ ပလာတာအပြင် ပေါင်မုန့်နှင့်
စား၍ရအောင် ဘိုစာများဖြစ်သော ရှိ(ခ)စတူး၊
ပိုင်တို့ကို အိမ်မှာ လုပ်ကျွေးရသည်။ အပြင်မှ
ရသောမုန့်များ စားမည်စိုးရိမ်၍ အချိုနည်းနည်း
နှင့် ကိတ်တို့ ကွတ်ကီတို့ ပူတင်းတို့ ဖုတ်ကျွေးရပါ
သေးသည်။ ကြာလာတော့ ကျွန်မသည် ရသာ
ကောင်းမှာ ဆိုတာကို သဘောပေါက်လာပြီး စားစရာ
တွေကို စိတ်ကုန်လာသည်။ သူ ဆုံးသွားပြီးတဲ့
နောက်ပိုင်း ရိပ်သာဝင်ပြီး သတိပဋ္ဌာန်တရားကို
အားထုတ်လာသည့်အလျောက် ခန္ဓာရှိလို့သာ
ခန္ဓာဝန်ကို ထမ်းနေရတာပါလားလို့ အစား
အသောက်ကို စွဲလမ်းမှုတွေ မရှိသလောက် ဖြစ်သွား
ပါသည်။ စွေးဝယ်တာ ချက်တာပြုတ်တာတွေလည်း
လုပ်ချင်စိတ် မရှိတော့၍ သမီးကို အားလုံး
ပွဲလိုက်ပါသည်။ အခု ချွေးမရောက်လာတော့
သူပဲ စီမံချက်ပြုတ်ပါသည်။ ဘာစားချင်သလဲ

မေးလျှင် အထွေအထူး မစားချင်ပါ။ ရှိတာနှင့် ရောင့်ရဲပါသည်။ သတိနဲ့ စားတဲ့လူဟာ အစားအသောက်ပေါ်မှာ လောဘ လျော့သွားတာ အမှန်ပါဘဲ။ အတိုင်းအတာနဲ့ စားတာသောက်တာကလည်း ကျန်းမာရေးနဲ့ ညီညွတ်ပါတယ်။

ကျွန်မသူငယ်ချင်းတစ်ယောက် ရိပ်သာမှာ ရက်ရှည် ဥပုသ်စောင့် တရားထိုင်နေရင်းက အစာအိမ်ထဲမှာ သွေးယိုပြီး ဝမ်းမဲမဲတွေသွားပြီး သတိလစ်သွား၍ ဆေးရုံတင်ပြီး အတော် ကုယူရပါသည်။ နောက်တစ်ခါလဲ ရိပ်သာမှာ ပြန်ဖြစ်၍ ဆေးရုံတက်ရပါသည်။ သူ့အစာအိမ် ပါးသွား၍ ထင်ပါသည်။ ဆရာဝန်က မာသောအစား၊ ပူသော၊ စပ်သော အစားအစာများ မစားရပါ။ သူ့မြေးငယ်လေး စားသလို ဆန်နှင့် အသားငါးနှင့် အသီးအရွက်တို့ကို ပျော့ပျော့ရောချက်ပြီး ရေခဲသေတ္တာထဲမှာ အအေးခံထား၍ စားစေသည်။ ကြာလာတော့ ပြီးငွေ့လာပြီး သူ မစားချင်တော့ပါ။ တစ်နေ့တော့ သူစားချင်တာ မစားရ၍ စိတ်တိုပြီး အိမ်က

[illegible] ပွားတာ ခြံပြင်ရောက်တော့ သားသမီးများက [illegible] လိုက်ခေါ်ကြပါတယ်လို့ ပြောပြပါသည်။

"သူငယ်ချင်း ဒီအသက်အရွယ်အထိ [illegible] တွေ အမျိုးစုံအောင် စားခဲ့ဘူးကြပြီ၊ အခု မင်း၊ ကျန်းမာရေးကြောင့် မစားသင့်တာတွေ [illegible] တာပါ။ အားလုံးကို ရသာတဏှာလို့သာ [illegible] လိုက်ပါနော်" လို့ သူ့ကို တရားချတော့ "မကား-မင်းပြောတာ မှန်တယ်။ အားလုံးဟာ [illegible] တွေဘဲ" ဆိုပြီး သဘောပေါက်သွားပြီး ကျွန်မ ဝမ်းသာမိသည်။

ဒါကြောင့် စားတုန်း၊ သောက်တုန်းမှာ သတိလေးနဲ့ သိပြီးတော့ စားရင် လိုတာထက်လဲ ပိုမစားဖြစ်ပါဘူး။ တရားသဘောနဲ့လဲ ညီပါတယ်။ [illegible] ကိုယ် ကျန်းမာရေးနဲ့ ကိုက်ညီတယ်ဆိုတာတော့ အထူးပြောဘို့ မလိုတော့ပါဘူး။

(ဇမ္ဗူရတနာမဂ္ဂဇင်း - ဩဂုတ်၊ ၁၉၉၈)

ဝင်ခြင်းရှိသမျှတော့ ကုန်အောင် ခံလိုက်ဦးမယ်။
ဝင်ခြင်းကုန်လို့ ဒုက္ခမယ်ဆိုရင်လဲ ကျွန်မကသိပ်လိုက်ပဲ၊
မဒုက္ခတော့ ဘူးဆိုရင်လဲ တရား အားထုတ်ရင်းပဲ သေမယ်။

ကိုယ်မှာပင်နာသော်လည်း စိတ်မှာမနာအောင်

ကျွန်မသည် တရားစာပေများကို ဖတ်ကြား ရုံတွင် လွန်ခဲ့သော နှစ်ပေါင်းတော်တော်ကြာကြာ အထိ ပြတ်စွာဘုရားက နကုလပိတာ သူဌေးကြီး ကို "ကိုယ်သာနာ၍ စိတ်မနာစေနှင့် စိတ်မနာ အောင်ကျင့်" ဟု ဆုံးမ ဟောကြားတော်မူသည့် အပြောင်းကို ဖတ်ရှုမှတ်သားခဲ့ပါသည်။ သို့သော် သည်း သဘောမပေါက်ခဲ့ပါ။ ကိုယ်မှာနာလျှင် စိတ်ကလည်း နာမှာပဲဟုသာ တွေးခဲ့သည်။ ထို အချိန်က သတိပဋ္ဌာန်တရားဆိုသည်မှာ ဘာမှန်း မသိခဲ့သေးသည့် အချိန်ဖြစ်ပါသည်။

၁၉၉၂ ခုနှစ်မှစ၍ ယောဆရာတော် ဘုရား၏ အရိပ်မှာ ခိုလှုံခွင့်ရခဲ့ခြင်းသည် ကျွန်မတို့ မိသားစုအတွက် ထူးမြတ်သော ရလာဒ်ကြီး ဖြစ်ခဲ့ ရပါသည်။ ဆွမ်းစားကြွတော်မူလျှင် အကြောင်း အရာနှင့်လိုက်၍ ဟောသော တရားကို လေးလေး စားစား နာယူခဲ့ကြပါသည်။ ဆရာတော်ဘုရား၏ ဓမ္မဒါနတရားစာအုပ်များကို ဖတ်ရှုမှတ်သား လိုက်နာခဲ့ပါသည်။ "ဒကာမကြီးတို့ နားပူဘို့ တရား ခွေတွေ" ဟု မိန့်တော်မူပြီး တရားခွေများကို ဘူးလိုက် စွန့်ပါသည်။ ကျွန်မတို့အဖို့ ရွှေထုပ်ကြီး ရသကဲ့သို့ တန်ဘိုးရှိလှပါသည်။ တရားခွေ အဖုံး များအပေါ်၌ လှပသေသပ်သော ဆရာတော် ဘုရား၏ လက်ရေးဖြင့် မည်သည့်နေရာ မည် သည့်နေ့က ဟောကြားသည်ဆိုသည်ကို ရေးသား ထားပါသည်။ ထိုနေ့မှစ၍ ကျွန်မတို့အိမ်တွင် နံနက်ခင်းတိုင်း ဆရာတော်ဘုရား၏ ပရိတ်ကို ကျက်သရေမင်္ဂလာရှိစွာ နာကြားရပါသည်။ တရား ခွေများကိုလည်း တစ်ခွေပြီးတစ်ခွေ နာကြားပြီး

သားဝယ် ဘုရားတည်" "မေတ္တာနှလုံး အလှ ဆုံး" ကို့ကို ထပ်ခါတလဲလဲ နာကြားမိပါသည်။ ရာများကို လက်ဆင့်ကမ်း နာစေ၍ နိုင်ငံခြား ဝတ္ထုပစ္စည်းများ ပြည့်စုံသော်လည်း စိတ်ဓာတ် အားများ ချို့တဲ့နေသော မိတ်ဆွေထံသို့လည်း ပေးရပါသည်။ မအားဘဲနှင့် လူတိုင်း နေ့စဉ် လုပ်ယူနိုင်သည့် တရားစွမ်းအား ငါးမျိုးဖြစ်သော ဝါန၊ သရဏဂုံ၊ ငါးပါးသီလ၊ မေတ္တာ၊ အနိစ္စာ နုပဿနာတို့ကို ဆရာတော် ချပြတော်မူသည့် အတိုင်း လိုက်နာကျင့်သုံး အားထုတ်ခဲ့ပါသည်။ တစ်ဖယောက်တည်း ကျန်ခဲ့ပြီး အလုပ်မှလည်း အငြိမ်းစားယူပြီးနောက် ဘာတာဝန်မှ မရှိတော့ဘဲ အားသွားသော ကျွန်မသည် ရိပ်သာဝင်ပြီး သတိ ပဋ္ဌာန်တရားကို အားထုတ်ဖြစ်ပါသည်။

ကျွန်မမှာ ရာသီဥတု အကူးအပြောင်းဖြစ် သော နွေဦး၊ မိုးဦး၊ ဆောင်းအကူးဆိုလျှင် နှာစေး ချောင်းဆိုးပြီး ရင်ကြပ်တတ်ပါသည်။ ညဘက် ဆိုလျှင် လှဲအိပ်၍လည်း မရနိုင် ငုတ်တုတ်ထိုင်ပြီး

မိုးလင်းခဲ့ရပါသည်။ ဆေးသောက်လည်း ရင်တုံပြီး
အားအင်ကုန်ခမ်း နုန်းခွေနေပါသည်။ တစ်ပတ်
ဆယ်ရက်လောက်နေမှ ရင်ကြပ်ပျောက်စမြဲပါ
လွန်ခဲ့သော နှစ်နှစ်ခန့်က မိုးဦးကျ ရိပ်သာ ဝင်ခါနီး
တွင် ရင်ကြပ်စပြုလာပါသည်။ ရိပ်သာပတ်အတွင်း
မှာ ရင်ကြပ်နေ၍ တရားမှ မှတ်နိုင်ပါ့မလား။
ညတိုင်း အိပ်မရ၍ ထထိုင်နေရမလား၊ ချောင်းဆိုး
သဖြင့် အခြားယောဂီများကို အနှောင့်အယှက်
ဖြစ်စေတော့မှာပဲ စသည်ဖြင့် စိုးရိမ်ကြောင့်ကြ
ဖြစ်မိပါသည်။ ဆေးတွေလည်း ယူသွားပါသည်။
သို့သော် ကြိုးစားပြီး သတိကပ်၍ ထွက်လေ
ဝင်လေကို မှတ်ခဲ့ရာ အာနာပါနနှင့် သမာဓိ
ထူထောင်ရသော သုံးရက်မြောက်နေ့ ဝိပဿနာ
မကူးပြောင်းခင်မှာပင် ရင်ကြပ်ခြင်းက လုံးဝ
ပျောက်သွားပါသည်။ ပျောက်ကင်းသွားလို့
သည်မှာ မည်ကဲ့သို့ရာသီပင် ရောက်ရောက် ယနေ့
အထိ တစ်ခါမှ ရင်ကြပ်ခြင်း မဖြစ်တော့ပါ။
ထို့ကြောင့် မြတ်စွာဘုရားက လူဟာ ကိုယ်ရောဂါ

ရှိသော်လည်း စိတ်ရောဂါကင်းအောင်လုပ်၍
ရသည့်နည်းမှာ ဘာဝနာ အားထုတ်ခြင်းဟု
ဟောကြားတော်မူခဲ့တာကိုးဟု တော်တော် သဘော
ပေါက်ခဲ့ပါသည်။

မဟာမြိုင်တောရ ဦးဇောတိက ကလည်း
ဆရာ တော်သည် မကျန်းမာစဉ်က ဝေဒနာ ပြင်း
ထန်လှကြောင်း၊ ကိုယ်မှာ ခံစားနေရသည့် ဝေဒနာ
များကို စိတ်ကနာတယ်၊ ကိုက်ခဲတယ်၊ မူးတယ်၊
အော်တယ် စသည်ဖြင့် ပြောနေကြောင်း၊ ဆူးနှစ်ဆူး
အရှူးခံရသလို ဆင်းရဲဒုက္ခနှစ်မျိုး ခံစားရကြောင်း၊
နောက်ဆုံးတော့ သူဖာသာသူ ဖြစ်ချင်လို့ ဖြစ်နေ
တာပဲ ကိုယ်လည်း လုပ်သင့်တာ တွေလုပ်ပြီးပြီဟု
နုံးသွင်းပြီး သတိလေးကပ်ပြီး စိတ်ကို ကြည့်နေ
သည်တွင် ကိုယ်ခန္ဓာနာသလို လိုက်ပြီး နာနေသည့်
စိတ်က တိတ်သွားပါသည်တဲ့။ ဝေဒနာလည်း
သက်သာလာပြီး ဥပက္ခာဖြစ်နေသည့်အချိန်သည်
အသက်သာဆုံးအချိန် ဖြစ်ကြောင်း ဟောကြား
တော်မူပါသည်။ ထိုအခါမှာ မြတ်စွာဘုရား ဟောကြား

သည့် ကိုယ်မှာပင်နာသော်လည်း စိတ်မှာ မနာအောင်နေ ဆိုသည်မှာ ထိုကဲ့သို့ နေရမှာပါလားဟု ဆရာတော် နားလည်သဘောပေါက်မိကြောင်း ဟောကြားပါသည်။

ကိုယ်မှာပင် နာသော်လည်း စိတ်မှာ မနာအောင် နေတတ်သူလေးတစ်ဦးကို ရိပ်သာမှာ ဆုံတွေ့ခဲ့ရသေးသည်။ သူလေးသည် ကင်ဆာဝေဒနာဆိုးကြီးကို ခံစားနေရရှာသည်။ လက်တစ်ဖက်မှာလည်း ရောင်ကိုင်းပြီး မြှောက်၍ပင် မရပါ။ သူ့ရောဂါသည် ကုသ၍ မရတော့ဘူးဆိုတာလည်း သူသိပါသည်။ သို့သော်လည်း သူ့မျက်နှာကတော့ အစဉ်ကြည်လင်ရွှင်လန်းလျက်၊ ဓမ္မာရုံထဲသို့ အခြားယောဂီများနည်းတူ အခိုန်တိုင်း တရားလာထိုင်သည်။ တစ်နေ့လေးခေါက် အတက်အဆင်းလုပ်ပြီး အများနှင့်အတူ ထမင်းလာစားပါသည်။ "ဝဋ်ကြွေး ရှိသမျှတော့ ကုန်အောင် ခံလိုက်ဦးမယ်၊ ဝဋ်ကြွေးကုန်လို့ နေရမယ်ဆိုရင်လဲ ကျွန်မ ကုသိုလ်ကံပဲ၊ မနေရတော့ ဘူးဆိုရင်လဲ တရား

[illegible]ပုတ်ရင်းဘဲ သေမယ်" ဟု ပြောပါသည်။ [illegible]ကို သတ္တိရှိစွာနှင့် ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်သူ [illegible]ပါလားဟု ကျွန်မနှင့်တကွ ယောဂီ အပေါင်း [illegible] ကရုဏာဖြစ်ကြပါ၏။ ရိပ်သာမှာ ဆရာကြီး [illegible]သလို "မိမိကိုယ်ကို အာစိဏ္ဏကံ သန်[illegible] ကြိုးစားထားဘို့ အရေးကြီးတယ်။ ဒါမှ [illegible]ပေါက်သေဝ စိတ်ချရမယ်" ဆိုတာကို သူ [illegible]ကြိုးစားအားထုတ်နေပါလားဟု သဘောပေါက်မိ [illegible]သည်။ We can learn to experience pain without hurt ဆိုသကဲ့သို့ ဘဝမှာ အခက်အခဲ [illegible]ရှိမယ်၊ ရောဂါလည်း ရှိနေပေမယ့် စိတ်က [illegible]အေးချမ်းချမ်းနဲ့ ကိုယ်မှာပင်နာသော်လည်း စိတ်မှာ မနာအောင်နေပါ။ ဘဝမှာ နေနည်းကို [illegible]ချင်လျှင် တရားအားထုတ်မှသာ ရနိုင်သည်" ဆိုသော ဦးဇောတိက၏ မိန့်ဆိုချက်များကို [illegible]ကြားယောင်နေမိပါသည်။ ကျွန်မတို့အားလုံး [illegible]နေ့တတ် အသေတတ်အောင် ကြိုးစားအားထုတ် [illegible]ကြရမှာပါ။

သူကလေးကို နောက်တစ်လ ရိပ်သာဝင်သောအခါ စာရင်းတွင် နာမည်သာတွေ့ပြီး လူကရောက်မလာပါ။ ရောဂါသည်းထန်နေသလားဟု စုံစမ်းကြည့်တော့ အခြားဆေးနှင့် ကုသနေ၍ မလာဖြစ်ကြောင်း သိရပါသည်။ သူ့အတွက် ကျွန်းမာလာစေကြောင်း ဆုတောင်းမေတ္တာ ပို့ကြရပါသည်။ ကျွန်မ ဗုဒ္ဓဂယာ ဘုရားဖူးမှ ပြန်လာတော့ သူ ဆုံးသွားပြီဖြစ်ကြောင်း သိရပါသည်။ တိရစ္ဆာန်ဆေးကု ဆရာဝန်မလေးဖြစ်သည့် အလျောက် ခွေးကလေး ကြောင်ကလေးများ၏ အသက်ကို ကယ်ဆယ်ခဲ့ဘူးသော ကုသိုလ်ကံစေတနာအကျိုးပေးကြောင့် ကောင်းမြတ်သော ဘုံဘဝမှာ ရှိနေပါစေဟု ဆုတောင်းပေးလိုက်ရပါသည်။

(ဇမ္ဗူရတနာမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၉၈)

[illegible] ကဲ့၏အကျိုးကို ယုံကြည်၍ ရတနာသုံးပါးကို အမြဲဆည်းကပ်ကြရန်နှင့် အင်း၊ အိုင်၊ ခါးလည်၊ လက်ပွဲ၊ မန္တာန်မစ၍ ဥဂ္ဂ မင်း၊ နှတ်စိမ်းများကို ယုံကြည်ကိုးကွယ်ခြင်း၊ မပြုလုပ်ရန် ဆုံးမဉာဏ်ကြားပါသည်၊ ရက်ပွဲများကို သွားကြည်လျှင် အကုသိုလ်ပြစ်ကြောင်းကိုလည်း မြင်ပြပါသည်၊

မိမိကိုယ်သာ အားကိုးရာ

တစ်နေ့မှာ ကျိုက္ကစံဘုရားသို့ ဘုရားဖူးသွားရာ ဘုရားအနီးရှိ ဈေးဆိုင်တန်းမှ တရားခွေဖွင့်နေသံကို တစ်ပိုင်းတစ်စ နာခဲ့ရပါသည်။ ဆရာတော်၏ ဘွဲ့ကိုလည်း မသိပါ။ အသံသြဇာ တော်တော်ပဲ ကောင်းပါသည်။

ယခုခေတ် လွဲမှားသော ကိုးကွယ်မှုမျှားကို ပြတ်ပြတ်သားသား ထောက်ပြဟောကြားနေပါသည်။ ကျွန်မလည်း စိတ်ဝင်စားသွားပြီး နာကြားချင်သဖြင့် အိမ်မှာ ဆွမ်းခံကြွသော ဦးပဉ္စင်းကို မေးလျှောက်ကြည့်တော့ ဖြူးဆရာတော် ဟောကြား

သော "သွေးနဲ့ရေးတဲ့ သာသနာ" ဟု သိရပါသည်။

မကြာမီ တေးသံသွင်းတစ်ခုမှရခဲ့၍ ကျွန်မ နာကြားရပါသည်။ ဆရာတော်သည် ဘိုးတော်၊ မောင်းတော်၊ ဝိဇ္ဇာ စသည်တို့ကို ဘုရားစင်မှာ တင်ထားပြီး ကွယ် ထိုက်မထိုက် ဟောကြားပါသည်။ ၃၇ မင်းနတ်များ အကြောင်းလည်း တော်တော်ပါပါသည်။ ဘုရားဘာသာဝင်များအနေနှင့် သာသနာ တော်ကို ကြည်ညိုပါသော်လည်း စူးစမ်းဆင်ခြင် တတ်သော ဉာဏ်ပညာ နည်းပါးမှုကြောင့် အားကိုးမှား၊ ကိုးကွယ်မှုမှားနေခြင်းများကို ကွက်ကွက် ကွင်းကွင်း မြင်သာအောင် ဟောကြားသွားပါသည်။

နတ်ဆိုတိုင်းလည်း တန်ဖိုးမရှိပါကြောင်း၊ ပေါရိဏာဒဇာတ်ကို ဟောပြသွားပါသည်။ ပေါရိဏာဒသည် ပုဏ္ဏားကြီးကို ဖမ်းဆီးပြီး ထမ်းခေါ်သွားရာ လူတွေကလိုက်၍ စည်းရိုးကို ခုန်လိုက်ရာ၌ ခြေထောက်ကို ငုတ်စူးသွားသည်။ ညောင်ပင်စောင့်နတ်ကို "အနာပျောက်အောင် မ,စပါ၊ ပျောက်ကင်းပါက တစ်ရာ့တစ်ပါးသော မင်းများ၏

လည်ချောင်းသွေးနှင့် ပူဇော်ပါ့မယ်" ဟု တိုင်တည်ပါသည်။

အနာက သူ့အလိုလို ပျောက်သွားရာ နတ်မင်းကယ်သည်ဟု ယူဆပြီး မင်းတွေကို ဖမ်းပြီး သတ်ဖို့ ပြင်ဆင်ပါသည်။ သုတသောမမင်း တရားချမှသာ အကျွတ်တရားရ၍ လူသားစားခြင်းကို စွန့်လွှတ်ပြီး သူတော်ကောင်း ဖြစ်သွားရကြောင်း ပါရှိပါသည်။ ဤတရားခွေကို ဗုဒ္ဓဘာသာဝင်များ အလေးအနက်ထားပြီး နာသင့်ကြောင်း သံတိပြုဆင်ခြင်မိပါသည်။

ကျွန်မတို့ငယ်စဉ်က ကျွန်မတို့အဘိုးဦးထင်ပေါ်၏ ဘိုးစဉ်ဘောင်ဆက် လိုက်နာရမည့် ဆိုဆုံးမစာကို အဖေက အရက္ခာက်ခိုင်းပြီး လိုက်နာစေခဲ့ပါသည်။ ကံ,ကံ၏အကျိုးကို ယုံကြည်၍ ရတနာသုံးပါးကို အမြဲဆည်းကပ်ကြရန်နှင့် အင်းအိုင်ခါးလှည့် လက်ဖွဲ့ မန္တန်မှစ၍ ၃၇ မင်း နတ်စိမ်းများကို ယုံကြည်ကိုးကွယ်ခြင်း မပြုလုပ်ရန် ဆုံးမညွှန်ကြားပါသည်။ နတ်ပွဲများကို သွားကြည့်လျှင်

အကုသိုလ်ဖြစ်ကြောင်းကိုလည်း ရှင်းပြပါသည်။

အဖေသည် မြေးများကြီးလာသည်နှင့် ကျောင်းပိတ်ရက်များတွင် ဤဆုံးမစာကို ကျက်စေပြီး သူ့ရှေ့မှာ ဆိုပြလျှင် ငွေတစ်ရာပေးလေ့ ရှိပါသည်။ ကျွန်မတို့ သားသမီးမြေးများ လိုက်နာကျင့်သုံးခဲ့ကြပါသည်။ ထို့ကြောင့် ကျွန်မတို့သည် နတ်ကန္တားပွဲများကို သွားလည်းမသွားဖူးပါ။ ကြည့်လည်း မကြည့်ဖူးပါ။ ဤဆုံးမစာကို ဗဟုသုတဖြစ် ဖော်ပြပေးလိုက်ပါသည်။

"စုန်းကို မရိုး၊ နတ်မကိုးနှင့် နွေရိုးကြမ်မာ၊ ကြောင်းရင်းသာတည့်၊ ကြမ်မာကချည်း၊ မွေးကတည်းက၊ ခမည်းပုံသေ၊ မှတ်မသွေလော့၊ သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ ကမ္မသကာ၊ မှတ်ထင်ရသည်၊ ရင်းသာ မူလဝါဒီတည်း"

ရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူသော ကထက်ပါ ဆုံးမစာအတိုင်းပင် ဘေးဘိုးအစဉ်ဆက်က နိယာမ မလွဲ အမြဲစောင့်ရှောက်၍

လာခဲ့ကြသည့် တရားတို့ကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ခဲ့ကြပါသည်။

ထို လိုက်နာခြင်းများမှာ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်၊ မန္တရား၊ မှော်ဆရာ၊ မှော်ကတော်၊ ကဝေကျော်၊ စုန်း၊ ဖုတ်၊ အောက်လမ်းသမား၊ စခန်းသွားမှစ၍ နေရာချင်း၊ နတ်ကွန်း၊ နတ်စင်၊ စားတော်ဝင်၊ ပန်းဆံခံ၊ ပန်းဆံဆက်၊ အရက်သေစာပါ မြွောက်တင်သည့် နတ်ဝင်၊ နတ်ကတော်တို့က၊ မြိုက်ဉာဏ်နှင့် ခေါ်ကြသော၊ မောင်မင်းကျော်၊ ရွာတော်သခင်၊ မြင်းဖြူရှင်၊ မင်းညီနောင် စသော မိစ္ဆာနတ်ဟု ပညတ် ခေါ်ဆိုကြသော အစေအပါးတို့၏ ပွဲများတွင် ကခုန်သီဆိုသည့် ပွဲသဘင်နှင့် ကြုံကြိုက်ငြားသော်လည်း မော်၍မျှ မကြည့်ခဲ့ဖူးပါ။

ကံ,ကံ၏အကျိုးကို ယုံကြည်စွာ ရတနာသုံးပါးကိုသာ အမြဲ ကိုးကွယ် ဆည်းကပ်ခဲ့ပါသည်။ နောက်သား၊ နောက်မြေးတို့သည်လည်း ရတနာသုံးပါး၊ မိခင်ဖခင်၊ ဆရာသမားများကိုသာ အမြဲ

ဆည်းကပ်ကြစေလိုပါသည်။ မိဘနှစ်ပါး၏ဂုဏ်ကို ဆက်ဝင်ယုံကြည်ကြ၍ ဆိုဆုံးမ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြပါစေသော်ဝ်။

နတ်ကိုးကွယ်မှုနှင့် ပတ်သက်၍ ကျွန်မကြားဖူးသော ဖြစ်ရပ်မှန်တစ်ခုကို တင်ပြပါရစေ။ ရွာမှာ သွားလာကုန်ကူးကြသော လှေများသည် မြစ်ကျန်းတစ်ကျွန်းနားရောက်လျှင် ရေဝဲကြီးရှိ၍ ရောက်ရေကျကို စောင့်ပြီးမှ ဖြတ်ကြရပါသည်။ လှေထိုးသားတစ်ယောက်သည် လှေရပ်နားနေစဉ် မှာ ကျွန်းပေါ် သို့တက်ပြီး ပျင်းပျင်းရှိသည်နှင့် တစ်ကိုင်းတစ်ကိုင်းခုတ်ကာ ပါလာသောခါးနှင့် အရုပ်တစ်ရုပ် ထုဖြစ်ခဲ့သည်။ လှေထွက်ခါနီးမှာ ကျွန်းပေါ်၌ ပစ်ထားခဲ့သည်။

နောက်တစ်ခေါက် ထိုနေရာ ပြန်ရောက်သောအခါ အရုပ်ရှေ့တွင် ပန်းအိုးနှင့် ပန်းတွေ့ ထိုးထားသည်ကို တွေ့ခဲ့ရသည်။ လအနည်းငယ်အကြာ ထိုကျွန်းနားမှ ဖြတ်ပြန်သောအခါ အရုပ်ရောက်မှာ ဆင်ရုပ်တစ်ရုပ် ခံထားသည်ကို တွေ့ခဲ့

ရပြန်သည်။

နောက်တော့ သူလည်း လေသူကြီးသမီးနှင့် အိမ်ထောင်ကျပြီး ကိုယ်ပိုင်လေကြီးတစ်စင်း ပိုင်ဆိုင်ခဲ့ပါသည်။ သူ့လေနှင့် နောက်တစ်ခေါက် ထွက်ပြန်တော့ ကျွန်းပေါ်ရှိ သူ့အရုပ်မှာ အပိုး အကာနှင့် နတ်ကွန်းနှင့် ဖြစ်နေသည်ကို တွေ့ခဲ့ရ သည်။ သူ့လေသမားများက ဆင်းပြီးကန်တော့ကြ ပန်းကပ်ကြ ပြုလုပ်ကြသည်ကို တွေ့ရလေ၏။

တစ်နေ့တော့ ထုံးစံအတိုင်း ထိုကျွန်းမှာ နားပြီး ဝဲကြီးကို ဖြတ်ရသည်။ ထိုအခါ လေကြီး သည် ရှေ့မတိုးနိုင်ဘဲ ကျွန်းနားကို ပြန်ပြန်လည် နေပါသည်။ လေသမားများက လေသူကြီးသည် လေထိုးသားဘဝက လာသော်လည်း ဘဝကို မေ့နေဟန်တူကြောင်း၊ ကျွန်းကြီးအရှင်ကိုလည်း မပူဇော်ကြောင်း၊ သူ့ကြောင့် ဒုက္ခတွေ ရောက်နေ ကြရကြောင်း ပြောဆိုနေကြသည်ကို လေသူကြီး က ကြားသွားသည်။

ထိုအခါ လေသူကြီးသည် ကျွန်းပေါ်သို့

ဆင်းသွားပြီး နတ်ကွန်းကို ဖျက်ဆီးပစ်လိုက်၏။ အရုပ်ကိုလည်း ရိုက်ချိုးပစ်လိုက်လေ၏။ လေ သမားများ အံ့သြထိတ်လန့်ကုန်ကြသည်။ သူက အားလုံး လေပေါ်တက်ပြီး တက်ညီ လက်ညီနှင့် ပူဇော်အားစိုက်ပြီး လော်ခတ်ကြရန် ပြောတော့မှ သူ့အားလော်ခတ်လိုက်ကြရာ ဝဲကြီးကို ကျော်ဖြတ် နိုင်ကြပါသည်။

ပြီးတော့မှ လေသမားများ ကိုးကွယ်နေ သည်မှာ နတ်ရုပ်မဟုတ်ကြောင်း၊ သူကိုယ်တိုင် ထုထားသော အရုပ်သာဖြစ်ကြောင်း၊ ကိုယ့်အား ကိုယ်ကိုးမှသာ လိုရာပန်းတိုင်သို့ ရောက်နိုင် ကြောင်း၊ နောင်အခါမှာ မစူးစမ်းမဆင်ခြင်ပဲ အားကိုမှ မပြုလုပ်ကြနှင့်ဟု ရှင်းပြပါသည်။ လေ သမားများသည် သူတို့ မှားယွင်းစွာ ကိုးကွယ်နေမိ ကြသည်ကို သဘောပေါက်သွားကြသည်။

ဤအဖြစ်အပျက်သည် ဘယ်ကိစ္စကိုမဆို အသိဉာဏ် ကြီးကြီးထားပြီး မှန်မှန်ကန်ကန် ရှုမြင် စဉ်းစားတတ်ဖို့လိုကြောင်း ဆင်ခြင်မိစေပါသည်။

မြတ်ဗုဒ္ဓ၏ လမ်းစဉ်အရ ကိုယ့်ကိုယ်ကိုသာ အားကိုးရာ ဖြစ်ပါသည်။ မည်ကဲ့သို့သော ကယ်တင်ရှင်၊ တန်ခိုးရှင်ကိုမှ အားကိုးစရာ မလိုပါ။ ကိုယ်ကျင့်မှ ရသော တရားသည်သာ အမွန်မြတ်ဆုံး ကိုးကွယ်အားထားရာ ဖြစ်ပါပေသည်။

(ဓမ္မရံသီ၊ နိုဝင်ဘာ၊ ၁၉၉၈)

စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ မီသားစုရေး အဆင်မပြေမှုကြောင့် ဂျည်ဂျယ်ခွက် မဒေါင်မြင့်ခဲ့သော် စိတ်ဓါတ် မကျပါနှင့်၊ အားမငယ်ပါနှင့်၊ စိတ်အားတင်းရှိ နောက်ထပ်တဖန် ကြိုးစားပါ၊ လောကဓံမုန်တိုင်းသည် သင်တစ်ယောက်တည်းကို ဝကွက်ရှိ တိုက်ခတ်နေသည်မဟုတ်ပါ။

နိုင်ငံခြားမှ ဘာသာရေးပြဿနာ အမေးအဖြေ

လွန်ခဲ့သော မတ်လက ဗုဒ္ဓဂယာဘုရားဖူးထွက်စဉ် ကာလကတ္တားမြို့ရှိ ဆရာတော် ဦးစန္ဒာမုနိဦးစီးသော မြန်မာပရဟိတကျောင်းတွင် ကျွန်မတို့ အဖွဲ့ တည်းခိုခဲ့ကြပါသည်။

ဆရာတော်၏ကျောင်းမှာ လေယာဉ်ကွင်းနှင့်နီး၍ Makarsha Pukur ခေါ် ပင့်ကူ ရေကန်ကြီးအနီးမှ ဖြတ်သွားရပါသည်။ သစ်ရိပ် ဝါးရိပ်တွေနှင့် ရန်ကုန်မှ ကန်တော်ကြီးနှင့် တူပါသည်။ မြို့ထဲမှလူများ ပျော်ပွဲစား ထွက်ရာနေရာဟု ပြောပါသည်။

ဆရာတော်၏ကျောင်းမှာ သီးနှံစိုက်ခင်းများ၊ ပတ်လည်ဝိုင်းနေပါသည်။ ကျောင်းဝင်းထဲတွင် ရေကန်နှင့် သရက်ပင်များနှင့် တောရုက္ခကျောင်းလေးလို တိတ်ဆိတ် အေးချမ်းလှပါသည်။ ဤကျောင်းတွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကို Half Moon Bay ရှိ ဓမ္မာနန္ဒဝိဟာရကျောင်းမှ ဆရာတော် ဦးဇောတာလင်္ကာရနှင့် ဆုံခဲ့ရပါသည်။ ဆရာတော်သည် ဂျပန်နိုင်ငံတွင်လည်း သီတင်းသုံးခဲ့ပါသည်။ အမေရိကန်နိုင်ငံသို့ ၁၉၈၃ ခုနှစ်ပြည့် ရောက်ရှိခဲ့ပြီး ဆရာတော်ကြီး ဦးသီလာနန္ဒနှင့်အတူ အမေရိကန်ရှိ ဗုဒ္ဓဘာသာဝင်များကို တရားပေးခြင်း၊ တရားစခန်းဖွင့်ပေးခြင်းဖြင့် ဘာသာပြုနေတော်မူပါသည်။

ဆရာတော် ဦးသီလနန္ဒဦးစီးသော ထေရဝါဒ ဗုဒ္ဓဘာသာအသင်းမှ စာစောင်တစ်ခုကို ထုတ်ဝေလိုတစ်ကြိမ် ထုတ်ဝေပါသည်။ "ဘာသာရေးပြဿနာ မေးဖြေရာ" ဟူသော အခန်းတွင် မည်သူမဆို မရှင်းလင်းသော ဗုဒ္ဓဘာသာနှင့် ပတ်သက်

သည်များ မေးနိုင်ပါသည်။ ဦးဇော်တာလက်ာရက ဖြေကြားပေးရန် တာဝန်ယူပါသည်။ ဆရာတော်သည် မြန်မာနိုင်ငံမှ မမွေစာစောင်များတွင်လည်း ဆောင်းပါးများ ရေးလေ့ရှိပါသည်။

ဦးဇော်တာလက်ာရက ကျွန်မကို ပေးခဲ့သော နောက်ဆုံးထုတ်ဝေသည့် စာစောင်မှ ဖော်ပြပေးလိုက်ပါသည်။ ဆရာတော်က ပတ္တနားသို့ လေယာဉ်နှင့် ကြွသွားပြီး ကျွန်မတို့အဖွဲ့က ရထားဖြင့် ဗုဒ္ဓဂယာသို့ ထွက်လာကြသဖြင့် ဆရာတော်နှင့် နောက်ထပ် မဆုံဖြစ်တော့ပါ။

မေး။ ။ အရှင်ဘုရား၊ အမေရိကန်နိုင်ငံတွင် လူအများမှာ Depression (စိတ်ကျရောဂါ) ဖြစ်သောအခါ စိတ်ရောဂါကို ဆရာဝန်များနှင့် ဆေးဝါးကုသမှုကို ခံယူရပါသည်။ ဗုဒ္ဓတရားတော်နည်းဖြင့် ထိုရောဂါကို ကုသပေးနိုင်ပါကနည်းလမ်းပေးသနားတော်မူပါဘုရား။

Brian (San Francisco)

ဖြေ။ ။ Depression (စိတ်ကျရောဂါ) အတွက် ဗုဒ္ဓတရားတော်အရ စိတ်ပြုပြင်နည်းမှာ အကြောင်းအားလျော်စွာ အတော်များများ ရှိပါသည်။ သူ့အကြောင်းနှင့်သူ လိုက်လျောသော လုံ့လဝီရိယ ဆင်ခြင်ဉာဏ်လည်း ရှိရပါမည်။ စိတ်ဓာတ်ကျမှု၊ စိတ်အားငယ်မှု၊ စိတ်ညစ်မှု၊ စိတ်ဆင်းရဲမှု စသည်ဖြင့် စိတ်မှာ ဖြစ်ပေါ်လာသော ဒုက္ခဟူသမျှကို "ဒေါမနဿ" ဟု ခေါ်သည်။ စိတ်ရောဂါတစ်မျိုးပင် ဖြစ်သည်။ ကြာရှည်စွာ လက်ခံထားလျှင် ဒုက္ခများစွာ ပေးနိုင်ပါသည်။

စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ မိသားစုရေး အဆင်မပြေမှုကြောင့် ရည်ရွယ်ချက် မအောင်မြင်ခဲ့သော် စိတ်ဓာတ် မကျပါနှင့်။ အားမငယ်ပါနှင့် စိတ်အားတင်း၍ နောက်ထပ်

တဖန် ကြိုးစားပါ။ လောကခံ မုန်တိုင်းသည် သင်တစ်ယောက်တည်းကို ဝကွက်၍ တိုက်ခတ်နေသည် မဟုတ်ပါ။ ကောင်းဆိုးနှစ်တန် ကြုံစေကာမူ လောကခံဟူသည် လောကၦ ကြုံတွေ့နေရမည့် သဘောတရားပါလားဟု ဆင်ခြင်၍ ဉာဏ်ဖြင့် စိတ်လှုပ်ရှားမှုကို ထိန်းသိမ်းရမည်။ သို့မှသာ စိတ်ကျရောဂါ သက်သာပျောက်ကင်းသွားနိုင်ပါသည်။

မေး။ ။ အရှင်ဘုရား "ပုဒ္ဓဘာသာသည် အပျက်မြင်ဝါဒကို အခြေခံသော ဘာသာတရား" ဟု အခြားဘာသာဝင်များကပြောဆိုကြပါသည်။ တပည့်တော်များ ပြန်လည်ရှင်းပြနိုင်ရန် လမ်းညွှန်ပေးတော်မူပါဘုရား။

Tony (Daly City)

ဖြေ။ ။ ပုဒ္ဓဘာသာသည် အဖြစ်ရောအပျက်ပါ နှစ်မျိုးစလုံး၏ ကြောင်းကျိုးဆက်နွယ်မှုကို စိစစ်ဝေဖန် ခွဲခြမ်း၍ ယူသော ဝိဘဇ္ဇဝါဒကို အခြေခံသော ဘာသာတရားဖြစ်သည်။ ပျက်သောအရာမှန်သမျှသည် မပျက်ဘဲ အမြဲတည်တံ့နေသလော။ ဖြစ်လာသော အရာမှန်သမျှ ပျက်ရသည်။ ပျက်သောအရာမှန်သမျှလည်း ဖြစ်လာခဲ့ရသည်။ အဖြစ်ရှိလျှင် အပျက်ရှိသည်။ အဖြစ်သည် အပျက်၏ ရေသောက်မြစ်ပင်။ အဖြစ်မရှိလျှင် အပျက်မရှိနိုင်။ ဖြစ်ပျက်ကင်းရာသည် နိဗ္ဗာန်သာ ဖြစ်၏။

ထို့ကြောင့် ပုဒ္ဓဘာသာသည် အဖြစ်ရောအပျက်ပါ နှစ်မျိုးစလုံး၏ ကြောင်းကျိုးဆက်နွယ်မှုကိုမြင်၍ စိစစ်ဝေဖန် ခွဲခြားယူဆသော ဝိဘဇ္ဇဝါဒကို အခြေခံလျက် ဖြစ်ပျက်ကင်းရာ နိဗ္ဗာန်

သို့ ပို့ဆောင်ပေးသော ဘာသာတရား ဟု ပြောဆိုမှသာ တိကျမှန်ကန်သော ပြောဆိုမှုဖြစ်၏။

မေး။ ။ အရှင်ဘုရား၊ ဗေဒင်လက္ခဏာများနှင့် ပတ်သက်၍ အယူသည်းမှုကို တရား ရှုထောင့်မှနေ၍ တပည့်တော်များ အား သိကြားခွင့် ပေးသနားတော်မူပါ ဘုရား။

Michael (Fremont)

ဖြေ။ ။ ဗေဒင်လက္ခဏာနှင့်ပတ်သက်၍ အယူသည်းမှုသည် မကောင်းပါ။ ကံသာ လျှင် မိမိဥစ္စာ အားကိုးရာရှိသည် ဟူသော ကောင်းသော ဉာဏ်အမြင်ကို ကန်းစေပါ၏။

ဗေဒင်လက္ခဏာအရ ဂြိုဟ်စီး ဂြိုဟ်နင်း မကောင်းသောကြောင့် စီးပွားရေး အဆင်မပြေ။ ပညာရေး

ထိခိုက်မည်။ အိမ်ထောင်ရေး လမ်း ကြောင်းပေါ်မှာ ကျွန်းခံနေသော ကြောင့် အိမ်ထောင်ရေး ပျက်ပြား နိုင်သည်ဟု ဟောခဲ့လျှင် ယခုပင် ဒုက္ခ ရောက်တော့မည့်အတိုင်း စိတ်ဆင်းရဲ ရတော့၏။ ယတြာချေရန် အတွက် ဗေဒင်ဆရာထံ ချဉ်းကပ်ရပြန်၏။

အစစအရာရာ အဆင်ပြေ မည်ဟု ဟောလျှင် ဝမ်းသာရပြန်သည်။ မိမိ၏ အတိတ်ကံအရှိန်ကောင်း၍ မျက်မှောက် ကြိုးစားမှုလည်း ရှိသော ကြောင့် အဆင်ပြေသည်ကို သတိမမူ မိကြ။ ဗေဒင်လက္ခဏာကိုသာ အားကိုး တော့၏။

နက္ခတ်၊ ပဋိမာနေနံ့၊ အတ္ထောဟလံ ဥပစ္စဂါ၊ အတ္တော အတ္တဿ နက္ခတ်၊ ကိကရိဿန္တိတာရ ကာ။ (ဇာတကဋ္ဌ ကထာ၊ ပထမတွဲ၊ နက္ခတ္တဇာတ်) နက္ခတ်ကောင်းကို စောင့်ဆိုင်းငံ့လင့်သော

လူမိုက်သည် သတို့သမီးကိုရခြင်းဟူသော အကျိုးမှ ဆုတ်ယုတ်ခဲ့ရ၏။ လိုအပ်သော အကျိုးသည် အလိုရှိသောသူ၏ နက္ခတ်ကောင်းပင်ဖြစ်၏။ ကောင်းကင်က ကြယ်တာရာတို့သည် အဘယ်အကျိုးကို ပြုစေနိုင်ကုန်အံ့နည်းဟု သတိပေးစကား ဆိုခဲ့ဖူးပါသည်။

ရှေးခေတ်ရော ယခုခေတ်ပါ ယင်းသို့ ဗေဒင် လက္ခဏာများနှင့် ပတ်သက်သော အယူသည်းမှု များသည် အတိတ်ကံရှိန်ကိုလည်း သတိမမူ။ ပစ္စုပ္ပန်ကံကိုလည်း အလေးမထား။ အနာဂတ် ဘဝအတွက်လည်း ဘာတွေ ပြင်ဆင်ထားရမည်ကို ဗေဒင်လက္ခဏာဆရာက ဟောမပေး၍ လေးလေးနက်နက် မစဉ်းစားမိနိုင်သောကြောင့် ကမ္မဿကထာ သမ္မာဒိဋ္ဌိဉာဏ်ကိုပင် ဖုံးကွယ်သွားတတ်ပါသည်။

မေး။ ။ အရှင်ဘုရား၊ တပည့်တော် အလုပ်မသွားမီ ဘုရားဆွမ်းတော်ကပ်ပြီး ညနေအလုပ်ပြန်မှ

ဆွမ်းတော်ကို စွန့်ရပါသည်။ တပည့်တော် စိတ်ထဲ၌ အပြစ်ရှိမည်လားဟု သံသယဝင်မိပါ၍ ဆုံးမအကြံပေးပါဘုရား။

ကြိုင်ကြိုင် (So-San Francisco) ဖြေ။ ။ အလုပ်မသွားမီ နံနက် ဘုရားဆွမ်းတော် တင်ပြီး ညနေအလုပ်ပြန်မှ ဆွမ်းတော် စွန့်ရခြင်းကြောင့် အပြစ်မရှိပါ။ ဥပမာ - နံနက်အခါ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း၍ သံဃာတော်များက ဘုဉ်းပေးတော်မူပြီးနောက် ကျန်နေသော ဆွမ်းဟင်းလျာများကို မသိမ်းဆည်းဘဲ ထားသော်လည်း လှူဒါန်းသော ဒါယကာ ဒါယိကာမတို့၌ အပြစ်မရှိသကဲ့သို့ နံနက်အခါ ဆွမ်းတော် စွန့်ချိန်မရ၍ ညနေကျမှ ဆွမ်းတော်စွန့်ရခြင်းသည် အပြစ်မရှိပါ။

(ဓမ္မရတနာ၊ နိုဝင်ဘာ၊ ၁၉၉၈)

ကျေးဇူးတော်ရှင် အရှင်ဇနကာဘိဝံသ
သီတင်းသုံးသောကျောင်း

အလည်မကျ ဆောင့်နေရ မျှားလှ တို့သူငါ
မရဏာမင်း ဆင့်ခေါ်လျှင်း ချက်ခြင်းလိုက်ရပါ၊
ခုခံသော်လည်း မရဘဲ လိုက်ပြဲလိုက်ရမှာ၊
မိုးကောင်းကင်ထဲ ပုန်းခိုလည်း လွတ်မြဲမရှိပါ၊
သမုဒ္ဒရာ အလယ်ပြဿဒေသည် ပုန်းကွယ်မလွတ်ပါ၊
ထိုထိုတောင်ခေါင်း ပုန်းခိုအောင်း လွတ်ကြောင်းမရှိပါ၊
သေဘေးလွတ်ကြောင်း ဂိုဏ်ကာကောင်း စုဆောင်းယူကြရာ၊

ကြည်ညိုဖွယ်စုံ မဟာဂန္ဓာရုံ

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးသို့ ခင်ပွန်းသည် ဦးမြစိန် ကွယ်လွန်သည့် သုံးနှစ်မြောက်အဖြစ် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းရန် သြဂုတ်လ (၈) ရက်နေ့က ရောက်ခဲ့ကြပါသည်။ ပထမဦးစွာ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ သီတင်းသုံးတော်မူခဲ့သော သစ်သားကျောင်းလေးပေါ်သို့ တက်ကြည့်ပြီး ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်အစုံကို အာရုံပြုပါသည်။ ကျောင်းလေးက တိတ်ဆိတ်အေးချမ်းလျက်ရှိပါသည်။ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ပါသည်။

မနက်ကိုးနာရီတွင် နာယကချုပ် ဆရာတော်ကြီး ဘဒ္ဒန္တကုဏ္ဍလာဘိဝံသက ရေစက်ချတရားကို ဟောကြားတော်မူပါသည်။ တိုတိုရှင်းရှင်းနှင့် မှတ်သားဖွယ်၊ ကျင့်ကြံ အားထုတ်ဖွယ်များ ပါဝင်ပါသည်။ ဓမ္မပူဇာအဖြစ် နဝကမ္မဝတ္ထုကို ဖိုးသူတော်လေးထံ ကပ်ရပါသည်။

နံနက်ဆယ်နာရီတွင် ဆွမ်းစလောင်းရန် အသင့် နေရာယူကြပါသည်။ ဆွမ်းအိုးကြီးတစ်အိုးတွင် ရှေ့မှာ နှစ်ယောက်လောင်း၍ နောက်မှ တစ်ယောက်က ခပ်ထည့်ပေးရသည်။ ဆွမ်းအိုးကြီးများက နှစ်တန်း ရှိပါသည်။

သမီး၊ မြေးများ၊ တူ၊ တူမများက တစ်ဖက်မှာ ဧလမုန့်၊ ငှက်ပျောသီး၊ ဝေဖာ၊ ကြက်ဥ မရွေးများ လောင်းလှူကြပါသည်။ ပါလာသမျှ လူအားလုံး ထွက်လောင်းကြမှ အကွက်စေ့ပါတော့သည်။ နိုင်ငံခြားသားများကလည်း ကင်မရာကိုယ်စီနှင့် လေ့လာရန် တဖွဲဖွဲ ရောက်ရှိလာကြပါသည်။ သံယာတစ်ထောင်ကျော်ကို ဆွမ်းလောင်း

ရသည်မှာ ရင်ထဲတွင် အတိုင်းမသိ ပီတိ ဖြစ်ရပါသည်။

ဆရာတော်ကြီးကိုယ်တိုင် ကြီးကြပ်ရင်း "သံယ သဒေမ၊ နိဗ္ဗါနပစ္စယောဟောတု" ဟု ဆုတောင်းရန် မိန့်ကြားပါသည်။ ဆွမ်းလောင်းပြီးသောအခါ ဆွမ်းစားဆောင်ထဲသို့ဝင်ပြီး ဆွမ်းဘုဉ်းပေးနေသည်ကို ကြည်ညိုကြ၊ ဓာတ်ပုံရိုက်ကြပါသည်။ သံယာတစ်ထောင် ကျော်သော်လည်း ပန်းကန်သံ၊ ဇွန်းသံ လုံးဝမကြားရပါ။ ဖိုးသူတော်လေးများကလည်း စည်းကမ်းတကျ ဘုဉ်းပေးလျက် ရှိကြပါသည်။

မြင်းမူမြို့မှ ကျွန်မ၏ ယောက်မများကိုးကွယ်သော ဦးပဉ္စင်းဖြစ်သည့် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသမှာလည်း ကျေနပ်ဝမ်းမြောက်လျက် တပြုံးပြုံးနှင့် ညွှန်ကြားနေပါသည်။ ပါလာသမျှ ဧည့်သည်များကိုလည်း နံနက်စာဖြင့် လိုလေသေးမရှိ ကျွေးမွေးပါသည်။

စားသောက်ပြီးကြ၍ နားနေရန်နေရာ

ချပေးထားသော အဆောင်သို့ ရောက်သောအခါ ကျောင်းတိုက်ကြီးအတွင်းမှာ သွားလာလှုပ်ရှား နေသော သံဃာ တစ်ပါးမျှ မတွေ့ရတော့ပဲ တိတ်ဆိတ်ငြိမ်သက်နေပါတော့သည်။

တောင်သမန်အင်းဘက်သို့ ထွက်လာကြသည်။ ဦးစွာ ဦးပညာ (အမရပူရ) ၏ တောင်လေးလုံးကျောင်းသို့ဝင်၍ ဆရာတော်ကို ဖူးတွေ့ပါသည်။ ကျောင်းလေးက အရိပ်အာဝါသ ကောင်းကောင်းနှင့် အေးချမ်းသာယာလှသည်။ ဆရာတော်ကလည်း မာန်မာနမရှိ။ မျက်နှာတော်က ကြည်လင်ငြိမ်းချမ်းသော အသွင်ကို ဆောင်လျက် "နောက်တစ်ခါလာရင် ကျောင်းမှာ တည်းခိုပါ" ဟု မိန့်တော်မူသည်။

ဒေါ်ကလျာ ပါးလိုက်သောစာနှင့် ပစ္စည်းများ ဆက်ကပ်ပြီး၍ ဆရာတော်ကို ဦးချပြီး ဦးပိန်တံတားဆီသို့ လာခဲ့ကြသည်။ တောင်သမန် အင်းကြီး ရေပြည့်လျှံ၍ တမျှော်တခေါ်ကြီး ကြည့်၍ မဆုံးတော့ပါ။ လှိုင်းတွန့်များက လူးလွန့်လျက်ရှိပြီး

ပယ်ဇယ်ပင်တန်းများ ရေမြုပ်နေသည်မှာ သစ်ပင်ထိပ်ဖျားများသာ မြင်ရတော့သည်။ ဝါခေါင်လမှာ မြင်ရသော ရှုခင်းက အသာယာဆုံး ဖြစ်ပါတော့သည်။ တံတားပေါ်မှာ လူများ ဥဒဟို သွားလာနေကြသည်။ လူငယ်များက အင်းထဲမှာ ငှက်စီးပြီး ဟော်ရွှင်မြူးတူးနေကြသည်။ အမှတ်တရ ဓာတ်ပုံရိုက်ပြီး ပြန်လာခဲ့ကြသည်။ ဧရာဝတီ မြစ်ကြီးကလည်း ပြည့်လျှံနေပြီး လမ်းဘေးတစ်လျှောက်မှာ ကြည့်လိုက်တိုင်း ရေအပြည့်နှင့်ပါပဲ။ အညာတစ်ခွင်မှာ ဤအချိန်သည် စိုပြေသာယာလှသည့် အတွက် စိတ်မှာ အလိုလို ရွှင်လန်းလာရသည်။

ညနေရထားဖြင့် ရန်ကုန်သို့ ပြန်ရန် မန္တလေး သို့ လာရာလမ်းတွင် ဆရာတော် ဘဒ္ဒန္တ ကုဇ္ဇာလာ ဘိဝံသ ဟောကြားတော်မူလိုက်သော တရားကို နားထဲတွင် ကြားယောင်ရင်း လိုက်ပါလာခဲ့ပါ သည်။ မရဏာနုဿတိ ဘာဝနာပိုင်းနှင့် ကြည့်ရင် ဦးမြစိန် အလှည့်ကျလို့ လိုက်သွားရတယ်။ ငါတို့လဲ အလှည့်ကျရင် လိုက်ကြရမှာပါလား၊

အလှည့် မကျသေးလို့ စားကာ၊ သောက်ကာ၊ သွားကာ၊ လာကာနဲ့ နေနေကြရတယ်။ အမှတ်တမဲ့ မဖြစ်စေ နဲ့၊ မရဏမင်း ဆင့်ခေါ်ရင် နေလို့မရ လိုက်ကြရမှာပါ။ တစ်ခါက ဝေဘူ ဆရာတော်ဘုရားကို အင်းစိန်ထောင်ထဲ ပင့်သွားကြတယ်။

တစ်နေရာမှာ ဒကာတစ်ယောက် ခြံကာလေးထဲမှာ တစ်ယောက်ထဲ သပ်သပ်ထားတယ်။ ထောင်ပိုင်များက "သူဟာ ကြိုးမိန့်ကျပြီးသူပါ။ မနက်ဖြန် ကြိုးစင် တင်ပါတော့မယ်" လို့ ဆရာတော်ကြီးကို လျှောက်ထားကြတယ်။

ကြိုးမိန့်ဟာ သေမိန့်ပါပဲ ဆရာတော်ကြီးက "ခင်ဗျားသာ သေမိန့်ကျတာ မဟုတ်ပါဘူး။ ကျုပ်တို့လဲ သေမိန့်ကျပြီးသားပါ။ အလှည့်မကျသေးလို့ စောင့်နေရတာပါဗျာ" လို့ မိန့်တော်မူတယ်။ ပညာရှိကားဟာ သောင်း သိန်း တန်တယ်။ ဖြစ်ရင်ပျက်တယ်။ မွေးရင်သေမယ်။ ဖြစ်ပျက် ရုပ်နာမ်ပါပဲ။ အဲဒါသည်ပင် ဝိပဿနာပါ။ သံဃာ

တစ်ထောင်ကျော်ကို တစ်သိန်းကျော် အကုန်ခံပြီး ဆွမ်းလောင်း၊ ဓမ္မပူဇော နဝကမ္မပူဇော် သရဏဂုံနဲ့ ငါးပါးသီလ ဆောက်တည် ပရိသတ်ကို ကျွေးမွေးစတဲ့ ကုသိုလ်ကောင်းမှုအစုစုကို သူ့အတွက် စုဆောင်းပေးသလို ကိုယ့်အတွက်လဲ စုဆောင်းယူတာဖြစ်တယ်" ဟု ဟောကြားပြီး ဝေဘူဆရာတော်ကြီး၏ ဆုံးမလက်ာနှင့် အဆုံးသတ်တော်မူပါသည်။

"အလှည့်မကျစောင့်နေရ များလှတို့သူငါ။
မရဏမင်း ဆင့်ခေါ်လျှင်း ချက်ခြင်းလိုက်ရပါ။
ခုခံသော်လည်း မရဘဲ၊ လိုက်မြဲ လိုက်ရရှာ။
မိုးကောင်းကင်ထဲ ပုန်းခိုလည်း၊ လွတ်မြဲမရှိပါ။
သမုဒ္ဒရာအလယ် ပြဿဒ်တည်၊ ပုန်းကွယ် မလွတ်ပါ။
ထိုထိုတောင်ခေါင်း၊ ပုန်းခိုအောင်း၊ လွတ်ကြောင်း မရှိပါ။
သေဘေးလွတ်ကြောင်း၊ ရိကျွာကောင်း၊ စုဆောင်းယူကြရာ။"

(ဇမ္ဗူရတနာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၉၉)

အကြောင်းအမျိုးမျိုးကြောင့် တစ်ကိုယ်တည်း ဖြစ်နေရသူတိုင်းကို အထီးကျန်မဖြစ်စေချင်ပါ။ တစ်ယောက်တည်း မပျော်အောင်နေပါ။ ပျော်အောင် နေနည်းကတော့ တရားဘာဝနာနှင့် နေနည်းပင်၊ ဝိပဿနာတရား အားထုတ်သူသည် အဖော်မဲ့ပြီး အားငယ်နေခြင်း မရှိပါ။ စိတ်ကြည်လင်အေးချမ်းပြီး ဘဝကို အဓိပ္ပါယ်ရှိရှိနှင့် ကျေနပ်နှစ်သိမ့်နေပါလိမ့်မည်၊

အထီးကျန်ဖြစ်ခြင်းနှင့် တစ်ယောက်တည်းနေခြင်း

လူဘဝမှာ လူတစ်ယောက်အဖြစ် မွေးဖွားလာကတည်းက အသိုင်းအဝိုင်းနှင့် နေလာခဲ့သည် ဖြစ်သော်လည်း တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ လောကမံတရားအရ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသောအဖြစ်နှင့် ကြုံကြိုက်ရမည်မှာ မလွဲပါ။ အဖော်မဲ့ပြီး အားငယ်နေသည်ကို သက်သာအောင် မနေတတ်လျှင် လူတွေနှင့် ကင်းကွာပြီး အထီးကျန်ဘဝကို ရောက်သွားပါလိမ့်မည်။

ကျွန်မဘဝ အတွေ့အကြုံနှင့် ယှဉ်၍ ပြောပြပါဦးမည်။ လွန်ခဲ့သော သုံးနှစ် ၁၉၉၅ ခုနှစ်က

ကျွန်မ၏ မျက်စိနှစ်ဘက်စလုံး လအနည်းငယ်ခြား၍ ခွဲစိတ်ခဲ့ရပါသည်။ ဆရာမအဖြစ်မှလည်း အငြိမ်းစားယူခဲ့ပါသည်။ ခင်ပွန်းသည်လည်း ကွယ်လွန်သွားခဲ့ပါသည်။ မည်ကဲ့သို့ နေရမှန်း မသိအောင် အထီး ကျန် ဖြစ်ခဲ့ရပါသည်။ သားသမီး မြေးများ ကြားထဲမှာပင် အဖော်မဲ့ အထီးကျန် ဖြစ်ခဲ့ရပါသည်။ ကျောင်းသားများကို လည်း စာမသင်ရတော့၊ စာအလွန်ဖတ်သော ကျွန်မသည် မျက်စိကြောင့် စာဖတ်၍လည်း မရသေးပါ။ "လူဆိုတာ ဘာအလုပ်မှ မလုပ်ရလျှင် အဓိပ္ပါယ် မရှိပါလား" ဟု သဘောပေါက်ခဲ့ရပါသည်။

စိတ်ထဲမှာ သက်သာလို သက်သာငြား ခရီးတွေ ထွက်ပါတော့သည်။ ပြည်ပသာမက ပြည်တွင်းမှာလည်း မန္တလေး၊ မုံရွာ၊ ပုဂံ၊ ညောင်ဦး၊ မကွေး၊ ပြည်၊ ဇလွန် စသည်ဖြင့် အနှံ့အပြားပါပဲ၊ မရောက်ဖူးသော နေရာဒေသ ရောက်တော့ ပတ်ဝန်းကျင်ကအသစ်၊ တောတောင်ရေမြေ သဘာဝကလည်း သာယာလှပသည်မို့ စိတ်မှာ

ရွှင်လန်းလာရသည်။ ဘုရားများ ဖူးမြော်ပြီး ကောင်းမှုကုသိုလ် ဒါနများ ပြုခဲ့ရ၍ စိတ်ကြည်လင်ရပါသည်။ သို့သော်လည်း အိမ်ပြန်ရောက်တော့ အထီးကျန် ဖြစ်မြဲဖြစ်လျက်ပါပဲ။ သားတွေက အမေ ပျင်းနေမှာစိုးရိမ်၍ ဗီဒီယိုခွေများ ယူလာပြီး ကြည့်စေပါသည်။ ဒါတွေအားလုံးကလည်း တကယ့် အဖော်တွေ ဖြစ်မလာခဲ့ပါ။ လူတိုင်း၏ဘဝမှာ ကိုယ့်ကို ကိုယ်ချင်းစာ နားလည်နိုင်သည့် အဖော်၊ ကလျာဏမိတ္တလည်း လိုအပ်သည်မှာ အမှန်ပါ။

၁၉၉၆ ခုနှစ်သို့ ရောက်လာသောအခါ ကျွန်မ၏ ငယ်သူငယ်ချင်းက ရိပ်သာဝင် တရားအားထုတ်ရန် ဦးဆောင်ခေါ်သွားပါသည်။ ရိပ်သာပတ် ပြီးဆုံးသွားသောအခါတွင် ကျွန်မစိတ်တွင် ကြည်လင်အေးချမ်းနေပါသည်။ သတိပဋ္ဌာန် တရား အားထုတ်ခြင်းသည်သာ အထီးကျန် ဖြစ်မဲ့ဖြစ်ခြင်းကို သက်သာစေနိုင်သော နည်းဟုသည်ကို ကောင်းစွာ သိရှိနားလည်ခဲ့ပါသည်။ သူငယ်ချင်းကို အထူးကျေးဇူးတင်မိပါသည်။

အိမ်မှာလည်း မှန်မှန် တရားအားထုတ်ဖြစ်ပါသည်။ ပြင်ပအာရုံတွေနှင့် အဖော်ရှာတာတွေ တဖြည်းဖြည်း နည်းသွားပါသည်။ တီဗီ၊ ဗီဒီယိုကိုလည်း မကြည့်ဖြစ်သလောက် ဖြစ်သွားပါသည်။

၁၉၉၇ ခုနှစ် ရောက်သောအခါ မဟာမြိုင်တောရ ဆရာတော် ဦးဇောတိက၏ တရားခွေများကို နာယူခွင့် ရခဲ့ပါသည်။ ဆရာတော့် ကျေးဇူးကြောင့် သတိနှင့်နေပြီး ကိုယ့်စိတ်ကို ကိုယ်ပြန်ပြီး ကြည့်တတ်နေပါပြီ။ တရားအားထုတ်ခြင်းသည်လည်း စွဲမြဲခဲ့ပါပြီ။ ၁၉၉၅ က ဟောခဲ့သော "ယသောအယသော" တရားကို မကြာသေးခင်ကမှ နာခဲ့တော့ ကျွန်မတွေ့ကြုံခံစားခဲ့ရသည့် "My Crowded Lonliness" ဆိုသော လူအများကြီးကြားမှာ အထီးကျန် ဖြစ်ခဲ့ရသော ဘဝကို ဝိပဿနာတရား အားထုတ်ခြင်းဖြင့်သာ သက်သာစေနိုင်သည်ကို ပိုမိုသဘောပေါက်မိပါသည်။ ထိုအချိန်ကသာ ဤတရားကို နာခဲ့ရလျှင် ကျွန်မတဝဲလည်လည် ဖြစ်မနေဘဲ စောစောပိုင်းကပင်

သတိပဋ္ဌာန်ကို အားထုတ်ပြီး အထီးကျန်ဘဝကလွတ်မြောက်ခဲ့မှာပါ။ ယခုအခါ နောက်မကျသေးဘူးဟု ခံယူမိပါသည်။

ရိပ်သာမှ တရားအားထုတ်ပြီး အိမ်ပြန်လာတိုင်း စိတ်က ငြိမ်းချမ်းပြီး ကြည်လင်အေးချမ်းနေသည်။ ခန္ဓာကိုယ်က ပေါ့ပါးနေသည်။ သူငယ်ချင်းကို လိုက်ပို့ရာ လမ်းတစ်လျှောက်ကို ကြည့်လိုက်သောအခါ လောကကြီးသည် အသစ်လို ဖြစ်နေသည်။ အင်းလျားကန်ကြီးကလည်း ပို၍ လှပနေသည်။ သူငယ်ချင်းကလည်း "အရာရာတိုင်း လှနေပါလား၊ သစ်ပင်တွေ လမ်းတွေက ယခုမှ မြင်ဖူးသလို ဖြစ်နေသည်" ဟု ပြောပါသည်။ ကျွန်မတို့ ဝိပဿနာတရားနှင့် နေတတ်စပြုနေကြပြီဆိုတာ ရိပ်စားမိရသည်။ အသေတတ်ဖို့အတွက် ဆက်လက်ကြိုးစားအားထုတ်သွားရမည် ဖြစ်ပါသည်။

စိတ်၏ အပေါ်ယံမှာ အတွေးပေါင်းစုံနှင့် ယောက်ယက်ခတ်နေပါသည်။ အတွင်းပိုင်းမှာတော့ တည်ငြိမ်ခိုင်ခန့်သည့်သဘော ရှိပါသည်။

သတိကပ်ပြီး ထွက်လေဝင်လေကို ရှုမှတ်ပါက သမာဓိ ထူထောင်နိုင်လာပြီး အတွေးများအောက်မှာ နစ်မြုပ်နေသည့် ငြိမ်သက်တည်ငြိမ်ခြင်းဆီသို့ ထိုးဖောက်ဝင်ရောက်နိုင်ပြီး စိတ်၏ ငြိမ်းချမ်းခြင်းကို ရနိုင်ပေမည်။

အကြောင်းအမျိုးမျိုးကြောင့် တစ်ကိုယ်တည်း ဖြစ်နေရသူတိုင်းကို အထီးကျန် မဖြစ်စေချင်ပါ။ တစ်ယောက်တည်း ပျော်အောင်နေပါ။ ပျော်အောင် နေနည်းကတော့ တရားဘာဝနာနှင့် နေနည်းပင်။ ဝိပဿနာတရား အားထုတ်သူသည် အဖော်မဲ့ပြီး အားငယ်နေခြင်းမရှိပါ။ စိတ်ကြည်လင်အေးချမ်းပြီး ဘဝကို အမြဲပွါးရှိရှိနှင့် ကျေနပ်နှစ်သိမ့်နေပါလိမ့်မည်။ သတိပဋ္ဌာန်တရားကို အားထုတ်ရင်းက ရုပ်တရားနာမ်တရားတို့၏ သဘောသဘာဝကို နက်နက်နဲနဲ ရှုမြင်ပြီး ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အထိ ရသွားနိုင်ပါလိမ့်မည်။

(ဓမ္မရတနာ၊ မေ၊ ၁၉၉၉)

Unity Publishing House

တစ်ဘဝသာသနာ ဦးယောသိတ

မသိမ်မကြောင့် ထင်ကုလုပ်
ထင်ကုလုပ်လို့ ဒုက္ခရ
ဒုက္ခထဲက အမြစ်ထွက်
အမြစ်ထွက်လို့ အပင်ပေါက်
ခွာလည် ဒုက္ခရောက်၊

Unity Publishing House

တစ်ဘဝသာသနာ အရှင်ဃောသိတ

အရှင်ဃောသိတဟု ဆိုလိုက်လျှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ၏ "တစ်ဘဝသာသနာ" နှင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ "တစ်ဘဝသာသနာ" ကို ရေးသားသည့် ဆရာတော်ဖြစ်ကြောင်း အားလုံး သိကြပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ "တစ်ဘဝသာသနာ" ကို "သားတော်စေတီ" ဆိုသော ဇာတ်ကြောင်းလေးနှင့် အဖွင့်ရေးသားထားပါသည်။ အရှင်ဃောသိတသည် စာရေး အလွန်ကောင်း၍ အဖွဲ့အနွဲ့ စာလုံးများက စာဖတ်သူ၏ရင်ထဲသို့

ထိတွေ့ခံစားမှုများ ဖြစ်စေပါသည်။ သခ်ၤပုဏ္ဏားကြီးက သား သုသီမ ပညာတော်သင်သွားရာမှ ပြန်မရောက်လာ၍ တစ်ဆင့်တစ်ဆင့် မေးမြန်းပြီး လိုက်၍ ရှာသောအခန်း ဖြစ်ပါသည်။ သား သုသီမသည် ပစ္စေက ဗုဒ္ဓါတစ်ပါး ဖြစ်သွားပြီး တောင်တန်းတစ်ခုပေါ်၌ သီတင်းသုံးနေခဲ့သည်။ ဖခင်ကြီးသည် ထိုတောင်တန်းနှင့်နီးသော မြို့ကလေးသို့ ရောက်သွားလျှင် ထုံးသင်္ကန်းဖြူဖြူနှင့် စေတီကြီးကို ဖူးတွေ့ရသည်။ လူတွေကလည်း အများကြီး စုရုံးနေကြသည်။ မေးမြန်းကြည့်တော့ ပရိနိဗ္ဗာန် ပြုပြီးဖြစ်၍ ဓာတ်တော်တွေယူပြီး စေတီ တည်ထားကြသည်။ ယနေ့ ထီးတင်ပွဲဖြစ်ကြောင်း သိရသည်နှင့် ပုဏ္ဏားကြီး သတိမေ့လဲသွား၊ သတိရလာသောအခါ အော်ဟစ်ငိုကြွေးပြီး စေတီဆီ ပြေးသွား၊ ဖြေမဆည်နိုင်အောင် ဖြစ်နေရှာပုံကို ဆရာတော်က စကားလုံးကြွယ်ကြွယ်နှင့် ရေးသားထားပုံမှာ ဖတ်နေသူ၏ ရင်ထဲမှာ ပုဏ္ဏားကြီးနှင့်အတူ ခံစားနေရသည်။ မျက်ရည်စမ်းစမ်းနှင့် ရင်ပြင်ပေါ် တံမြက်စည်း

လှည်းခြင်း၊ သဲဖြူခင်းခြင်း၊ တောပန်းလေးများကို ဆွတ်ခူးပူဇော်ခြင်း၊ အကြိမ်ကြိမ် ဦးချခြင်းများ ပြုလုပ်နေဟန်ကို ဖွဲ့နွဲ့ရာ၌ ရုပ်ရှင် ကြည့်နေရသကဲ့သို့ ပေါ်လွင်လှပါသည်။ ဆရာတော်ရေးသည့် "ဖူး၍မဝ၊ မျက်ရည်တွေသာ 'ဖျော' ခနဲ ကျလာပြန်သည်" ဆိုသည့် စာကြောင်းကလေးကို ဖတ်ရင်း "ဆရာတော်နှယ် ရေးတတ်လိုက်လေခြင်း" ဟုသာ ခိုးကျူးနေမိပါသည်။

အဆုံးသတ်မှာ "သားတော်စေတီမှာ မြို့တံခါးဝတွင် ကိုယ်လုံးတော်မှ ထုံးဖြူရောင်က တလွင်လွင်၊ ထိပ်ဖူး ထီးတော်မှ နေရောင်တွင် ရွှေရောင်တို့က အမျှင်မျှင်၊ ဆည်းလည်းသံတို့က လည်း လေပင့်တိုင်း တချွင်ချွင် ဖြစ်နေစဉ်ပင် တရားဓမ္မ ဟောပြနေသလို ဖြစ်တော့သည်။ အင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ" ဟု ရေးသားထားပုံက ရင်ထဲတွင် နှင့်စရာ ဖြစ်လျက် အထပ်ထပ် ဖတ်မိသည်မှာ အလွတ်ပင် ရနေပါတော့သည်။

စာအုပ်ကြီး၏နောက်နားတွင် ဆရာတော်

ဦးဃောသိတ၏ ဓာတ်ပုံနှင့် အတ္ထုပ္ပတ္တိအကျဉ်းကို တွေ့ရသည်။ ဆယ်နှစ်လုံး ကြိုးပမ်းအားထုတ်၍ ရေးသားတော်မူခဲ့သည်။ ကဗျာလင်္ကာ ပိုင်နိုင်ပြီး စာရေးကောင်းလွန်းလှပါ၍ ခိုးကျူးကြည်ညိုမိပါသည်။ ဖူးတွေ့ချင်စိတ် ဖြစ်မိသော်လည်း မည်သို့သွားရောက် ဖူးမြော်ရမည် မသိခဲ့ပါ။

ကျွန်မသည် ဝိပဿနာတရား အားထုတ်လာခဲ့သည်မှာ နှစ်နှစ်ကျော် ရှိလာပါပြီ။ မြင်ရကြားရသမျှကိုလည်း တရားသဘောနှင့် ကြည့်တတ်နေပြီး သိလာရသမျှလေးတွေကို တတ်စွမ်းသရွေ့ ဆောင်းပါးများ ရေးမိပါသည်။ တရားက အရှိန်ရလာသောအခါ ပဋိစ္စသမုပ္ပါဒ်ကို ကျေကျေ ညက်ညက် သိမြင်ချင်စိတ် ဖြစ်ပေါ်လာသည်။ "မိုးကုတ် ဝိပဿနာ ရိပ်သာဝင်ကြရအောင်" ဟု သူငယ်ချင်းကို ပြောမိသည်။ သူက မကြာသေးခင်က ဆရာတော် ဦးဃောသိတ၏ "ပဋိစ္စသမုပ္ပါဒ် အခြေခံရှင်းတရား" နှင့် "ချာလည် ဒုက္ခရောက်နှင့် ကမ္မဘဝရှင်းတရား" နှစ်ခွေပေးလာသည်။ စက်ဝိုင်းကို

အနားမှာချ၍ နာပါဟု ပြောသွားသည်။

ဆရာတော်၏ အသံတော်ကို စတင် နာကြား လိုက်သည်နှင့် အေးချမ်းညင်သာလှသည်။ ရင်ထဲမှ လာသော ကရုဏာနှင့် ဟောကြားနေသည်ကို ခံစားနားလည်မိပါသည်။ ဘဝသံသရာကြီး လည်ပတ်နေပုံကို နားလည်သဘောပေါက်အောင် ရှင်းပြနေသည်မှာ စိတ်ဝင်စားစရာ ကောင်းလှပါ သည်။ "ဟုတ်ကဲ့. . နော်" ဟု ပြန်မေးနေပုံကိုလည်း ကြည်ညိုရပါသည်။ နောက်တစ်ခွေကျတော့မှ ချာလည်ဒုက္ခရောက်ရပုံကို ကွက်ကွက်ကွင်းကွင်း မြင်လာရပါသည်။ အဝိဇ္ဇာသခါရက စလိုက်သည် မှာ "မသိမှုကြောင့် ထင်ရာလုပ်၊ ထင်ရာလုပ်လို့ ဒုက္ခရ၊ ဒုက္ခထဲက အမြစ်ထွက်၊ အမြစ်ထွက်လို့ အပင်ပေါက်၊ ချာလည်ဒုက္ခရောက်" ဆိုသော ဆရာ တော်၏ အသံက သံဝေဂရဖွယ် ကောင်းလှပါသည်။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် စသော ခြောက်ဌာနက ပေါက်ပွားလာပြီး၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုသော လိုချင်တယ်၊ စွဲလမ်း

ကယ်၊ အားထုတ်တယ် ဆိုသည်ကို ဥပမာပေးပုံ ကလေးကိုလည်း ကြည့်ပါဦး။ "ဈေးထဲသွားတော့ အထည်တန်းသွားပြီး အဆင်ဆန်းလေးတွေ တွေ့တော့ မျက်စိအကြည့်နဲ့ အဆင်းနဲ့ဆုံပြီး မြင်စိတ်ပေါ်လာတယ်။ ဖဿဖြစ်ပြီး ရင်ထဲက လှိုက်ကနဲ ဖြစ်သွားတာက ဝေဒနာ၊ လိုချင်သွားတာက တဏှာ၊ လိုချင်လိုက်ပါဘိ၊ ဝယ်ကိုဝယ်မှပဲဆိုတာ က ဥပါဒါန်၊ တစ်လှမ်းချင်း ရှေ့နားတိုးသွားတော့ ကမ္မဘဝ၊ အစကောင်းလား မကောင်းလား လက်နဲ့ စမ်းကြည့်တော့လဲ ကာယက်၊ ကမ္မဘဝပဲ၊ တစ်ကိုက် ဘယ်လောက်လဲ မေးလိုက်တော့ ဝစီကံ ပေါ့။ အဲဒီမှာ ကံမြောက်သွားပြီ၊ ဓာတ်သတ္တိတွေ ထားခဲ့ပြီးမှ ချုပ်ပျောက်သွားတယ်၊ တစ်ခါနှစ်မှာ အကျိုးပေးလိမ့်မယ်၊ အမြစ်တွေ ထွက်တာနဲ့တူတယ်"

ကျွန်မတို့တတွေ မသိလို့သာ ထင်ရာ လျှောက်လုပ်နေကြသည်။ ဘဝတွေ များလှပြီ၊ ဆရာတော်က ဒုက္ခသက်ကြီး ရှည်လှပြီ၊ မျက်ရည် တွေလည်း တစ်ဘဝလုံး ဖုံးနေပါလား၊ ဘဝတွေ

တော်ချင်ကြပါတော့၊ ဒုက္ခတွေ သိမ်းချင်ကြပါတော့ဟု မေတ္တာကရုဏာနှင့် ဟောကြားနေသည်ကို နာရင်း ရင်ထဲမှာ တလှပ်လှပ် ခံစားရင်း ကိုယ့်ဘဝကိုယ် ငြီးငွေ့လာမိပါသည်။

မိုးကုတ်ရိပ်သာမှ တရားစခန်းဝင်ခဲ့သူကို ဆရာတော်အကြောင်း မေးကြည့်မိတော့ ဆရာတော် လေဖြတ်ထား၍ တရားတစ်ခါပဲ ဟောတယ်ဟု သိရပါသည်။ အကြောင်းတိုက်ဆိုင်ချင်တော့ အိမ်နီးချင်း အစ်မကြီးက ဦးဃောသိတတရားတွေ ဗီဒီယို ရိုက်ထားတာရှိတယ်၊ နာပါဟု ပေးလာပါသည်။ စာသာ ဖတ်ဖူးရ၊ အသံသာ နာဖူးရသော ဆရာတော်ကို ရုပ်ရည်တော် ဟန်ပန်မူရာတို့ကို ဖူးတွေ့ခွင့် ရပါပြီ။ ကျွန်မ ဝမ်းသာလိုက်သည့် ဖြစ်ခြင်း၊ ဆရာတော်၏ မျက်နှာတော်မှာ အေးဆေးတည်ငြိမ်၍ ကြည်ညိုဖွယ် ကောင်းပါသည်။ သာဓကပြစရာ ပုံတူများကို အသံနေအသံထားနှင့် စိတ်ဝင်စားဖွယ် ဟောကြားပါသည်။ ထိုသို့ ကြည့်ရှု နာယူနေသော ရက်အတွင်းမှာပင် ဆရာတော် လေဖြတ်၍ ဆေးရုံ

တက်နေကြောင်း ကြားသိရသည်။ ကျွန်မက ဆရာတော်၏ တရားများကို နေ့စဉ် နာယူနေစဉ် အချိန်မှာ ဆရာတော်က ဝေဒနာတွေ ခံစားနေရသည်ကို ကျွန်မ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရပါသည်။ မကြာခင်မှာတော့ ဆရာတော်ဘုရား မဟာမြိုင်ဆေးကုခန်းသို့ ပြောင်းရွှေ့လာပြီဟု သိရပါသည်။ ဆေးခန်းက ဆရာတော် သက်သာပါတယ်။ လာဖူးလို့ရပါတယ် ပြော၍ ကျွန်မတို့ သွားကြသည်။ ဆရာတော် ရှောက်ချီသီး ဘဉ်းပေးနေ၍ စောင့်နေကြစဉ် Chalk board အဖြူလေးပေါ်မှာ "နေကောင်း နေပြီ၊ ပြန်ကြ" ဟု ရေးထားတာတွေ့ရသည်။ ဒကာ၊ ဒကာမတွေကို သူနေကောင်း၍ စာရေးနိုင်ကြောင်း ရေးပြတာပဲဟု သိလိုက်ပါသည်။ ဖူးခွင့်ရတော့ ဆရာတော် ထိုင်နေတော်မူပါသည်။ စကားပြော၍ ရသော်လည်း ဆရာဝန်က ခွင့်မပြုသေးဟု သိရပါသည်။ ကျွန်မတို့ ဦးချတော့ ပြုံးနေတော်မူပါသည်။ ဆရာတော့်မျက်နှာပေါ် တွင် စိတ်ရင်းစေတနာ ဖြူစင်၍ ကရုဏာ ကြီးမားကြောင်း

ပေါ်လွင်လျက်၊ ကျွန်မတို့ ထွက်လာသည်
ပြုံးပြတော် မူနေပါသည်။ ဓာတ်လှေကား
ဆရာဝန်မလေးများနှင့်တွေ့၍ မေးကြည့်
ဆရာတော်ရောဂါမှာ သွေးကြောထဲမှ သွေး
ရောဂါဟု ပြောပါသည်။ မိုးကုတ် ဆရာတော်
၏ ရောဂါနှင့် တူနေပါသည်။

တရားပြည့်ဝ၍ ယောဂီအများကို
သံသရာထဲမှာ လည်မနေကြဘဲ ရှေ့ဆက် မဝင်
အောင် တရားပြတော်မူနေသော ကျေးဇူး
ဆရာတော်ကိုမှ ရောဂါဝေဒနာက လာ၍ ဖြင့်
လေခြင်းဟု ယူကျုံးမရ ဖြစ်မိပါသည်။ သို့သော်
လည်း ရုပ်နာမ်ဓမ္မ သဒ္ဓါရသဘောအရ မည်သူမှ
ရှောင်လွှဲ၍မရသောကြောင့် ကျေးဇူးကြီးလှသော
ဆရာတော် ဦးယောသိတ ကျန်းမာချမ်းသာစွာဖြင့်
ယောဂီအပေါင်းကို တရားဓမ္မများ ဟောကြားပြသ
တော် မူနိုင်မည့်အကြောင်းနှေစဉ် ဆုတောင်းမေတ္တာ
ပို့သနေရပါသည်။

(ဇမ္မူရတနာမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၉၉)

သိက္ခာသုံးပါး မြတ်တရား
ယောကျ်ားမိန်းမ မခွဲပါ
မိတ်ဓါတ်ကိုမြင့် ကြိုးစားခွင့်
လမ်းဖွင့်ထားတဲ့ သာသနာ၊

ကျွန်မတို့မှာ မိန်းမသား

လူ့လောကၭ မိန်းမသားဖြစ်ရခြင်းသည် သူများတွေအတွက်သာ အသက်ရှင်နေရတာပါလား၊ ကိုယ့်အတွက် ဘာမှ မလုပ်ရသေးပါလားဟု အားငယ်စိတ်များ မကြာခဏ ဖြစ်ပေါ်မိပါသည်။

ဒါန၊ သီလ၊ ဘာဝနာ အလုပ်များသည် ထမင်းချက်ရင်း၊ စာသင်ရင်း၊ အလုပ်လုပ်ရင်း အားထုတ်ကျင့်ကြံ၍ ရကြောင်းကို ဆရာတော်ကြီးများ၏ ဟောကြားချက်အရ နားလည်သဘောပေါက်လာပြီး လိုက်နာကျင့်သုံးခဲ့ပါသည်။ သတိ

ပဌာန်တရားကို အားထုတ်ရင်း ကိုယ့်ကိုယ်ကို နောက်ကျလိုက်တာ၊ အသက်ငယ်ငယ်ကတည်းက စခဲ့မိရင် ကောင်းမှာပဲဟု နောင်တရနေမိသည်။ သို့သော်လည်း စတင်ဖို့နှင့် စွဲမြဲဖို့သာ လိုအပ်သည်ဆိုသည်ကို နှလုံးသွင်းပြီး အားတင်းခဲ့ရပါသည်။

ဦးသိန်းဇင်၏ "မိန်းမရဟန္တာများ" စာအုပ်ကို ဖတ်မိတော့ မြတ်စွာဘုရားလက်ထက်က ထေရီအတော် များများအကြောင်း ပါရှိတာ တွေ့ရပါသည်။ သာသနာတော်၌ စိတ်ဝင်စားသော အမျိုးသမီးများ သဒ္ဓါရွှင်လန်းကြစေရန်၊ စိတ်အားငယ်နေသော အမျိုးသမီးများ အားတက်၊ အသိအမြင် တိုးပွားစေရန် ရည်သန်သော စာရေးသူ ဦးသိန်းဇင်၏ စေတနာကို လေးစားရပါသည်။ အားငယ်နေသူကို နှစ်သိမ့်ဆေးတိုက်လိုက်သကဲ့သို့ စိတ်နှလုံး အေးချမ်းရပါသည်။

ဆရာဦးသုခ၏ "အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ" စာအုပ်ကတော့ ထေရီအရှင်မကြီးများအကြောင်း ဖွဲ့နွဲ့ထားသောကြောင့်

ဖတ်မိသည့် အမျိုးသမီးတိုင်း အားတက် အားကျ ကြရပါသည်။ ဝတ္ထုသဘောမျိုး ဖွဲ့နွဲ့ထားသဖြင့် စိတ်ဝင်စားစရာလည်း ကောင်းလှပါသည်။ ကျွန်မသည် ဗုဒ္ဓဂယာ ဘုရားဖူးခဲ့ရာမှ မကြာခင်က ပြန်လာခဲ့ပါသည်။ ဆရာကြီး၏ စာအုပ်ကရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဝေဠုဝန်တို့ဆီကို ပြန်လည် ခေါ်ဆောင်သွားပြီး ထေရီအရှင်မတို့၏ ဖြစ်ရပ်များကို ရုပ်ရှင်ကြည့်နေရသကဲ့သို့ ထင်မြင်ခံစားစေပါသည်။ အမျိုးသမီးများကိုယ်စား ဆရာကြီးကို ကျေးဇူးအထပ်ထပ် တင်မိပါသည်။

ကျွန်မတို့ အမျိုးသမီးများ ပိုမိုအားတက် လာကြစေရန် ယောဆရာတော်ဘုရား၏ "ရဲရင့် စွန့်စား မိန်းမသား" ဟူသော တရားအကြောင်းကို ပြောပြလိုပါသည်။ ဒေါ် ဉာဏာစာရီ စာသင်တိုက် ရွှေရတုပွဲမှာ ဟောကြားခဲ့ပါသည်။ ဒေါ် ဉာဏာစာရီကဲ့သို့ သာသနာတော်ကို စွမ်းစွမ်းတမံ စောင့် ရှောက်ပြီး တပည့်များ မွေးထုတ်ပေးခဲ့သော ဆရာကြီးကို ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊

အမျိုးသမီးများ အားတက်စေရန် လည်းကောင်း၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက သောမာထေရီအကြောင်း ဟောကြားတော် မူခဲ့ပါသည်။

သောမာထေရီသည် သာဝတ္ထိပြည်၊ အန္ဓဝန်တောသို့ နေ့သန့်စင်ရန် သစ်တစ်ပင်ရင်း၌ နေတော်မူ၏။ ထိုအခါ မာရ်နတ်သည် သမာဓိပျက်စေရန် ချဉ်းကပ်ပြီး "ယောကျ်ားမြတ်တို့သာ ရောက်နိုင်သော နိဗ္ဗာန်ကို သင်မိန်းမတို့၏ လက်နှစ်သစ်မျှသော ဉာဏ်ကလေးဖြင့် အရဟတ္တဖိုလ်သို့ မရောက်နိုင်" ဟု ဆို၏။

သောမာထေရီက "မိန်းမသည်လည်း စိတ်သည် ကောင်းစွာ တည်ကြည်သည်ရှိသော် အရဟတ္တမဂ်ဉာဏ်သည် ဖြစ်၏။ ဖြစ်ပျက်တရားကို ကောင်းစွာ ထင်မြင်အောင် ရှုနိုင်သည်ရှိသော် လက်နှစ်ချောင်းဖြင့် ဝိုင်းငင်နေသော မိန်းမသည်လည်းကောင်း၊ လက်နှစ်ချောင်းဖြင့် ညှပ်၍ ထမင်းနပ်သည်ကိုသော မိန်းမသည်လည်းကောင်း၊ ဝိုင်းငင်ရင်း၊ ထမင်းချက်ရင်း၊ ဖြစ်ပျက်ကိုရှုခြင်းဖြင့်

နိဗ္ဗာန်ကို ရနိုင်၏" ဟု ရဲရင့်စွန့်စား မိန်းမသား ဆိုသည့် စွမ်းအားကိုပြသည့် စကားများကို မိန့်ကြားခဲ့ပေသည်။ "သိက္ခာသုံးပါး၊ မြတ်တရား၊ ယောက်ျား၊ မိန်းမ မခွဲပါ၊ စိတ်ဓာတ်ကိုမြှင့်၊ ကြိုးစားခွင့်၊ လမ်းဖွင့်ထားတဲ့ သာသနာ"

သာသနာသည် ယောက်ျားမိန်းမ မခွဲခြားထားပါ။ "ကံရုပ်ဆိုသည်မှာ ဉာဏ်အလုပ်နှင့် အလှဆင်မှ ဂုဏ်ယူနိုင်မည်" ဟု ဆရာတော်ဘုရားက မိန်းမသားများကို အားပေးတော်မူခဲ့ပါသည်။

ယခုခေတ်တွင် ရတနာသုံးပါးအရိပ်ကို ခိုလှုံ၍ ဝိပဿနာတရား ကျင့်ကြံအားထုတ်သည့် အမျိုးသမီးများ မည်မျှ များပြားသည်ကို တရားရိပ်သာများမှာ လေ့လာကြည့်လျှင် သိမြင်နိုင်ပါသည်။

တရားအရိပ်သည် လူတို့၏ စိတ်သန္တာန်ကို ရောင်ပြန်ဟပ်စေပါသည်။ "အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန" (IMC) ရိပ်သာတွင် ယောဂီအပေါင်းကို စေတနာသဒ္ဓါ ထက်သန်စွာဖြင့်

ဆေးလာကုပေးနေသော ဆရာဝန်မလေးဆိုလျှင် အဆောင်တိုင်းမှ "မသီတာ၊ မသီတာ" နှင့် လေးစားချစ်ခင်ကြသည်။ အချိန်ရလျှင်ရသလို ယောဂီများနှင့်အတူ တရားဝင်ထိုင်သည်။ ရိပ်သာပတ်တိုင်းလည်း အကျွေးအမွေးတစ်ခုခုဖြင့် ဒါနပြုသေးသည်။ သူမျက်နှာကလေးမှာ အစဉ် ကြည်လင်အေးချမ်းနေပါသည်။

ပုဒ္ဓဂယာဘုရားဖူးအဖွဲ့ကို ခေါင်းဆောင်ခဲ့သူ ဒေါ်စိန်စိန်လှဆိုလျှင်လည်း ရွှေတောင်ကုန်းဆရာတော်ကြီး၏ အရိပ်ကို ခိုလှုံ၍ တရားအားထုတ်ခြင်း၊ ဆွမ်းကွမ်း ဝေယျာဝစ္စ ဆောင်ရွက်ခြင်း၊ ရိပ်သာအတွက် ဝယ်ခြမ်းရေး စသည်များကို ဆောင်ရွက်ခဲ့သည်မှာ ကြာပါပြီ။ ခရီးထွက်တော့လည်း ယောဂီဝတ်စုံနှင့် မျက်နှာကလေးက အပြောင်သားနှင့်။ "ရာသီဥတု ကြမ်းတမ်း၍ အသားအရေပျက်မှာ စိုးရိမ်ကြ၍ သနပ်ခါးတော့လိမ်းပါ" ဟု ဝိုင်းပြောကြသဖြင့် တစ်နေ့လောက်တော့ လိမ်းပါသေးသည်။ နောက်ရက်တွေမှာ

မျက်နှာပြောင်ကလေးနှင့်ပါပဲ။ "ရိုပ်သာမှာ နေ့စဉ် ရှစ်ပါးသီလ ဆောက်တည်နေလာခဲ့၍ မျက်နှာမှာ ဘာမျှ မလိမ်းတတ်တော့ပါ" တဲ့။ ကျွန်မတို့ သူ့ကို တော်တော် လေးစားသွားကြသည်။ တရား ပြည့်ဝ၍ ကိုယ်ကျိုးစွန့်နိုင်ပြီဟု အကဲခတ်မိပါသည်။

ဘိက္ခုနီ သာသနာတော်သည် ယခုအခါ ကွယ်ပခဲ့ပြီဖြစ်သော်လည်း မိန်းမများလည်း ယောကျ်ားများနှင့်တန်းတူ အမျိုးသမီး သူတော်စင် ရဟန္တာများ ဖြစ်နိုင်၍ ဖြစ်ခဲ့ကြသည်။ ဗျာန် အဘိညာဉ်နှင့် အထူးထူးသော တန်ခိုး ဂုဏ်ဒိပါဒ်များ ပြနိုင်ခဲ့ကြကြောင်း အမျိုးသမီးများ သိကြစေချင်၊ အားတက်ကြစေချင်ပါသည်။

(ဓမ္မရတနာ၊ ဩဂုတ်၊ ၁၉၉၉)

ဂုတ်တရက် သေသွားခဲ့သော်
ဘဝကူးကောင်းဘောင် ဒါန သီလ၊
ဘာဝနာ တစ်ခုခု မပါသွားခဲ့လျှင်
မတွေးရဲစရာပါပေ၊ ထို့ကြောင့်
လူတိုင်း သေရဲသည့် အားကိုးတစ်ခု
ဂို့ထားသင့်ပါသည်၊

လည်း မှန်ကြည့်တာပဲ၊ တစ်သံသရာလုံး ဆင်ခြင်ရန် အသိစိတ်နှင့် တရားမှန်ထောင်ပြီး ကြည့်ကြရမည်။ ဖယ်ရှားဖို့၊ ပြုပြင်ဖို့ မှန်ကန်သော အသိစိတ်တွေ ပေါ်အောင် တရားမှန် ထောင်ကြည့်ဖို့ လိုသည်" ဟု မိန့်တော်မူပါသည်။

ယောဆရာတော်ဘုရား၏ ဆိုလိုရင်းမှာ "လူတိုင်းသည် သေမင်းနှင့် အချိန်းအချက် မရှိပါ။ မရဏမင်းမှာ အခြံအရံ များလှသည်။ သူကချည်း အနိုင်ယူတတ်သည်။ မနက်ဖြန်ဆိုသည်မှာ အစိုးမရပါ၊ ယနေ့ လုပ်သင့်သည်ကို လုပ်ကြရမည်။ ကိုယ်ပိုင်သော အချိန်သည် ပစ္စုပ္ပန်၌သာ ရှိသည်။ ပစ္စုပ္ပန်သာ တန်ဖိုးအရှိဆုံး ဖြစ်သည်။ သတိကို သုံးပြီးလုပ်ပါ။ ဒါန၊ သီလ၊ ဘာဝနာ၊ ဝေယျာဝစ္စ ကုသိုလ်၊ မေတ္တာဘာဝနာ စသည်တို့ကို ခပ်သုတ်သုတ် လုပ်ကြရပေမည်။ လောလောဆယ် လုပ်ဆဲ အလုပ်သည်သာ အရေးအကြီးဆုံး ဖြစ်ပါသည်" ဟု ဟောကြားတော် မူပါသည်။

"ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ် ဆိုသည်

တစ်ထောင်ကျော်ကို တစ်သိန်းကျော် အကုန်ခံပြီး ဆွမ်းလောင်း၊ ဓမ္မပူဇာ နဝကမ္မပူဇော် သရဏဂုံနဲ့ ငါးပါးသီလ ဆောက်တည် ပရိသတ်ကို ကျွေးမွေးစတဲ့ ကုသိုလ်ကောင်းမှုအစုစုကို သူ့အတွက် စုဆောင်းပေးသလို ကိုယ့်အတွက်လဲ စုဆောင်းယူတာဖြစ်တယ်" ဟု ဟောကြားပြီး ဝေဘူဆရာတော်ကြီး၏ ဆုံးမလက်ာနှင့် အဆုံးသတ်တော်မူပါသည်။

"အလှည့်မကျစောင့်နေရ များလှတို့သူငါ။
မရဏမင်း ဆင့်ခေါ်လျှင်း ချက်ခြင်းလိုက်ရပါ။
ခုခံသော်လည်း မရဘဲ၊ လိုက်မြဲ လိုက်ရရှာ။
မိုးကောင်းကင်ထဲ ပုန်းခိုလည်း၊ လွတ်မြဲမရှိပါ။
သမုဒ္ဒရာအလယ် ပြဿဒ်တည်၊ ပုန်းကွယ် မလွတ်ပါ။
ထိုထိုတောင်ခေါင်း၊ ပုန်းခိုအောင်း၊ လွတ်ကြောင်း မရှိပါ။
သေဘေးလွတ်ကြောင်း၊ ရိက္ခာကောင်း၊ စုဆောင်းယူကြရာ။"

(ဇမ္ဗူရတနာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၉၉)

မှာ တရားအလုပ်လုပ်ရန် ခြောက်၍ခိုင်းခြင်း ဖြစ်သည်။ ဘဝဆိုသည်မှာ ကန့်သတ်ချက်ရှိသည်။ လမ်းကောင်းတုန်း ခပ်သုတ်သုတ် လိုက်ပေးမှ ဖြစ်မည်။ သာသနာနှင့် တွေ့ကြုံနေခိုက်မှာ ဘဝကောင်းတစ်ခု ရနေကြစဉ်မှာ အခွင့်ကောင်းကို ယူပြီး တရားဘဝနာအလုပ်ကို လုပ်ကြပါ" ဟု တိုက်တွန်းတော်မူပါသည်။

မရဏမင်းသည် အရိပ်ပမာ နောက်မှ လိုက်ပါနေပါသည်။ သေခြင်းတရားနှင့် လက်တစ်ကမ်းအလိုသို့ ရောက်ခဲ့သူ သူငယ်ချင်းတစ်ဦး အကြောင်းကို ပြောပြပါရစေ။ အမေရိကန်နိုင်ငံ L-A တွင် နေထိုင်သော ကျွန်မ၏ သူငယ်ချင်း ခင်ရေးလွင် မြန်မာပြည်သို့ ခေတ္တရောက်ရှိနေချိန်က ဖြစ်ပါသည်။

တစ်နေ့သော နေ့လယ်ခင်းမှာ "ရေး - နှာခေါင်းသွေးလျှံနေ၍ လာခဲ့ပါ" ဟု အကြောင်းကြား၍ သူတည်းခိုသော အိမ်နှင့်လည်း မဝေးပါသဖြင့် ချက်ချင်း လိုက်သွားခဲ့ပါသည်။ ရေးကို

ည့်ခန်း ကြမ်းပြင်ပေါ်တွင် တွေ့ရပါသည်။ နှာခေါင်းမှသွေးများသည် အစဉ်မပြတ် တစ်ပွက်ပွက် ထွက်နေသည်မှာ ကြမ်းပြင်ပေါ်တွင် အိုင်ထွန်းလျက် ရှိပါသည်။ သူကတော့ သတ္တိကောင်းလှစွာ နှာခေါင်းပေါ်သို့ ရေခဲတင်နေပါသည်။

ထိုအချိန်၌ ကျွန်မကသာ ထိတ်ထိတ်ပျာပျာနှင့် "အမယ်လေး ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ကြမလဲ" စသည်ဖြင့် ပြောလိုက်မိလျှင် သူ တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင်ပါသည်။ ကျွန်မ၏မျက်နှာကို အကြည်လင်ဆုံး၊ အတည်ကြည်ဆုံးဖြစ်အောင် ထား၍ ဆေးရုံသွားကြရန် ပြောလိုက်ပါသည်။

သူ့ဆန္ဒကို မေးလိုက်သောအခါ ပြင်ပဆေးခန်းသို့ သွားချင်ကြောင်း ပြောပါသည်။ ထို့ကြောင့် တာမွေဘက်သို့ ခေါ်သွားခဲ့ပါသည်။ ကားပေါ်တွင် အိပ်၍ လိုက်လာခဲ့ရာ နှာခေါင်းမှသွေးများ ယိုစီးလျက် ကားကူရှင်ပေါ်မှတစ်ဆင့် အိုင်ထွန်းနေပါသည်။ လူတစ်ဦး၏ ကိုယ်တွင်း၌သွေးများ ဤမျှလောက် များပြားစွာ ရှိနေသည်ကို

ယခုမှ တွေ့ဖူးပါသည်။ ဟန်မပျက် ဘုရားစာများကို ရွတ်ဆို၍ လိုက်လာခဲ့သည်။ စိတ်ထဲမှာမူ ပူပင်လှသည်။ သူသာ တစ်စုံတစ်ခု ဖြစ်သွားလျှင် သူ့ သားသမီးနှင့် မောင်နှမများက L-A မှာ ရှိနေကြသည်။

ဆေးခန်းသို့ ရောက်သောအခါ တာဝန်ကျ ဆရာဝန်က အေးဆေးစွာဖြင့် "ဒါမျိုးက ဘာမှ လုပ်လို့မရဘူး၊ သွေးတိတ်အောင် စောင့်ရမှာပဲ၊ ခေါင်းကို အပေါ်မော့ထား" ဟု ပြောပါသည်။ ရေ၏မျက်နှာကို ကြည့်လိုက်သောအခါ ဖြူဖျော့နေပါသည်။ မကြာခင် ရှော့(ခ) ဖြစ်သွားနိုင်သည်။ "ဘယ်လို လုပ်ရပါ့မလဲ" ဟု ခေါင်းထဲတွင် ဆူပွက်နေအောင် စဉ်းစားနေဆဲမှာပင် တစ်ဖက်ခန်းမှ ဆရာဝန်မလေးက "နား၊ နှာခေါင်းနှင့် လည်ချောင်း ဆေးရုံကို သွားပါ၊ သွေးတိတ်အောင် ထည့်သော ပစ္စည်းက သူတို့ဆီမှာမှ ရှိသည်" ဟု ပြောပြီး ဂွမ်းတွေ တစ်ပုံကြီး ပေးလိုက်ပါသည်။ သွေးကလည်း သုတ်၍ မနိုင်နိုင်အောင် ထွက်နေဆဲပါပဲ။

ကန်တော်ကြီးမှ နား၊ နှာခေါင်း၊ လည်ချောင်း

ဆေးရုံနှင့် နီးနေပါသဖြင့် မကြာခင် ရောက်သွားကြသည်။ အရေးပေါ်ဌာန ရှိမရှိလည်း မသိပါ။ သို့သော် အရေးပေါ်ဌာန ရှိပါသည်။ တာဝန်ကျ ဆရာဝန်လည်း ရှိပါသည်။ ဤလိုလူနာမျိုးကလည်း ရေးတစ်ယောက်ပဲ ရှိနေပါသည်။ ဆရာမတွေပါ ဝိုင်းဝန်းကူညီကြပါသည်။ သွေးတိတ်စေသောကိရိယာကလေးကို နှာခေါင်းထဲသို့ ထည့်ပေးပြီး ဆေးရုံ တင်လိုက်ပါသည်။

ရေးမှာလည်း အသားအရေတွေ အေးစက်ပြီး ဖျော့တော့နေပါသည်။ သတ္တိရှိပုံကတော့ ခိုင်းကျူးထိုက်ပါသည်။ ကျွန်မကတော့ ရင်တုန်ပန်းတုန် ဖြစ်နေသော်လည်း မျက်နှာကို တစ်ချက်မှ မပျက်အောင် သတိထားနေပါသည်။ သွေးသွင်းပေးပြီး လုပ်စရာရှိသည်များကို လုပ်ပေးနေတော့မှ သူ့ယောက်မ ဆရာဝန်ကို အကြောင်းကြားနိုင်ပါသည်။ သူတို့ လိုက်လာကြတော့မှ သက်ပြင်းချနိုင်ပြီး အိမ်ပြန်၍ လိုအပ်မည့် ပစ္စည်းများကို ပြန်ယူရပါသည်။ နှစ်ရက်လောက် ဆေးရုံတွင်

ယခုမှ တွေ့ဖူးပါသည်။ ဟန်မပျက် ဘုရားစာများကို ရွတ်ဆို၍ လိုက်လာခဲ့သည်။ စိတ်ထဲမှာမူ ပူပင်လှသည်။ သူသာ တစ်စုံတစ်ခု ဖြစ်သွားလျှင် သူ့ သားသမီးနှင့် မောင်နှမများက L-A မှာ ရှိနေကြသည်။

ဆေးခန်းသို့ ရောက်သောအခါ တာဝန်ကျ ဆရာဝန်က အေးဆေးစွာဖြင့် "ဒါမျိုးက ဘာမှ လုပ်လို့မရဘူး၊ သွေးတိတ်အောင် စောင့်ရမှာပဲ၊ ခေါင်းကို အပေါ်မော့ထား" ဟု ပြောပါသည်။ ရေ၏မျက်နှာကို ကြည့်လိုက်သောအခါ ဖြူဖျော့နေပါသည်။ မကြာခင် ရှော့(ခ) ဖြစ်သွားနိုင်သည်။ "ဘယ်လို လုပ်ရပါ့မလဲ" ဟု ခေါင်းထဲတွင် ဆူပွက်နေအောင် စဉ်းစားနေဆဲမှာပင် တစ်ဖက်ခန်းမှ ဆရာဝန်မလေးက "နား၊ နှာခေါင်းနှင့် လည်ချောင်း ဆေးရုံကို သွားပါ၊ သွေးတိတ်အောင် ထည့်သော ပစ္စည်းက သူတို့ဆီမှာမှ ရှိသည်" ဟု ပြောပြီး ဂွမ်းတွေ တစ်ပုံကြီး ပေးလိုက်ပါသည်။ သွေးကလည်း သုတ်၍ မနိုင်နိုင်အောင် ထွက်နေဆဲပါပဲ။

ကန်တော်ကြီးမှ နား၊ နှာခေါင်း၊ လည်ချောင်း

ဆေးရုံနှင့် နီးနေပါသဖြင့် မကြာခင် ရောက်သွားကြသည်။ အရေးပေါ်ဌာန ရှိမရှိလည်း မသိပါ။ သို့သော် အရေးပေါ်ဌာန ရှိပါသည်။ တာဝန်ကျ ဆရာဝန်လည်း ရှိပါသည်။ ဤလိုလူနာမျိုးကလည်း ရေးတစ်ယောက်ပဲ ရှိနေပါသည်။ ဆရာမတွေပါ ဝိုင်းဝန်းကူညီကြပါသည်။ သွေးတိတ်စေသော ကိရိယာကလေးကို နှာခေါင်းထဲသို့ ထည့်ပေးပြီး ဆေးရုံ တင်လိုက်ပါသည်။

ရေမှာလည်း အသားအရေတွေ အေးစက်ပြီး ဖျော့တော့နေပါသည်။ သတ္တိရှိပုံကတော့ ခိုးကျူးထိုက်ပါသည်။ ကျွန်မကတော့ ရင်တုန်ပန်းတုန် ဖြစ်နေသော်လည်း မျက်နှာကို တစ်ချက်မှ မပျက်အောင် သတိထားနေပါသည်။ သွေးသွင်းပေးပြီး လုပ်စရာရှိသည်များကို လုပ်ပေးနေတော့မှ သူ့ယောက်မ ဆရာဝန်ကို အကြောင်းကြားနိုင်ပါသည်။ သူတို့ လိုက်လာကြတော့မှ သက်ပြင်းချနိုင်ပြီး အိမ်ပြန်၍ လိုအပ်မည့် ပစ္စည်းများကို ပြန်ယူရပါသည်။ နှစ်ရက်လောက် ဆေးရုံတွင်

နေလိုက်ရသည်။ နှာခေါင်းထဲမှ သွေးကြော
ကလေးတစ်ခု ပြတ်သွားခြင်း ဖြစ်ပါသည်။

ထိုနေ့က "သေခြင်းတရားသည် အနီးကပ်
ဆုံးမှာ ရှိနေပါလား။ အချိန်မရွေး သေနိုင်ပါလား"
ဟု ကျွန်မ ထိတ်လန့်တုန်လှုပ်မိပါသည်။ သေမင်း
နှင့် လက်တစ်ကမ်းအလိုသို့ ရောက်ခဲ့သော ရေး၏
အဖြစ်ကိုကြည့်ပြီး တရားသံဝေဂ အတော်ပင် ရခဲ့ပါ
သည်။ ရုတ်တရက် သေသွားခဲ့သော် ဘဝကူး
ကောင်းအောင် ဒါန၊ သီလ၊ ဘာဝနာ တစ်ခုခု ပါမ
သွားလျှင် မတွေးရဲစရာပါပေ။ ထို့ကြောင့် လူတိုင်း
သေရဲသည့် အားကိုးတစ်ခု ရှိထားသင့်ပါသည်။

ယောဆရာတော်ဘုရား၏ တရားအတိုင်း
ကိုယ်ပိုင်သော ပစ္စုပ္ပန်အချိန်ကို တန်ဖိုးရှိရှိ အသုံးချ
၍ ဒါန၊ သီလ၊ ဘာဝနာ၊ ဝေယျာဝစ္စ ကုသိုလ်နှင့်
မေတ္တာဘာဝနာ ပွားများခြင်းစသော အရေး
အကြီးဆုံး အလုပ်များကို ခပ်သုတ်သုတ် လုပ်သင့်ကြ
ပါသည်။

(ဓမ္မရံသီ၊ ဒီဇင်ဘာ၊ ၁၉၉၉)

မြောင်မြို့မှ ဝက်မစွတ်အုတ်ကျောင်းတော်ကြီး

မြောင်မြို့မှ ဝက်မစွတ်အုတ်ကျောင်းကြီး

မြောင်မြို့သည် စစ်ကိုင်းတိုင်းအတွင်းမှာ တည်ရှိပြီး မြင်းမူမြို့နှင့် ချောင်းဦးမြို့ကြား၊ လမ်းမကြီးမှ လမ်းခွဲအတိုင်း (၇) မိုင်ခန့် သွားလျှင် ရောက်ပါသည်။ ဧရာဝတီ မြစ်ကမ်းဘေးတွင်ရှိပြီး သီးနှံစုံ ဖြစ်ထွန်း၍ သာယာသော မြို့လေး တစ်မြို့ပါ။ မြောင်မြို့တွင် အလောင်းစည်သူမင်းတရားကြီး တည်ခဲ့သော သမိုင်းဝင် ဘုရားသုံးဆူ ရှိပါသည်။ ရွှေပေါ်ကျွန်းဘုရား၊ နဂါးရုံဘုရားနှင့် ရွှေဂူဘုရား တို့ ဖြစ်ပါသည်။ အလောင်းစည်သူမင်းကြီး၏ ဖောင်တော်ကို အစွဲပြု၍ ဦးဘုရား (ဖောင်ဦး)၊

ဝမ်းလိုင်ဘုရား (ဖောင်ဝမ်း) နှင့် ပဲ့ဘုရား (ဖောင်ပဲ့) ဟုလည်း ခေါ်ဝေါ်ကြပါသေးသည်။ ရွှေပေါ်ကျွန်း ဘုရားပွဲတော်ကြီးကို တော်သလင်းလဆန်း ၈ ရက်မှ လပြည့်နေ့အထိ ကျင်းပကြပါသည်။ ထိုနယ်တစ်ဝိုက်တွင် အသိုက်မြိုက်အစည်ကားဆုံး ဘုရားပွဲ ဖြစ်ပါသည်။

ရွှေဂူဘုရားပေါ်မှ တောင်ဘက် အင်းစပ်ကို မျှော်ကြည့်လိုက်လျှင် ခမ်းနားထည်ဝါလှသော အနီရောင် ဝက်မစွတ်အုတ်ကျောင်းကြီးကို အံ့မခန်း မြင်ကြရပါသည်။ အနီးကပ် သွားရောက် ကြည့်ရှုလျှင်လည်းကောင်း၊ ထိုမှ တစ်ဖန် ကျောင်းကြီး ပေါ်သို့ တက်၍ ကြည့်ပါလျှင်လည်းကောင်း ပို၍ ရင်သပ်ရှုမော ဖြစ်ရပါလိမ့်မည်။ ဤမှု ထုထည်ကြီးမားလှသော အုတ်ကျောင်းကြီးမှာ မြန်မာပန်းရံများ၊ လက်သမားများ တည်ဆောက်ခဲ့ကြသော မြန်မာဗိသုကာ လက်ရာဖြစ်ပါသည်။ မြင်းမူမြို့အနီးရှိ ဝမ်းပြည့်ရွာကြီးမှာ ဘေးဘိုးဘီဘင် အဆက်ဆက် ပန်းရံများအဖြစ် အသက်မွေးဝမ်း

ကျောင်း ပြုခဲ့ကြသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ ဝက်မစွတ်ကျောင်းကြီးကို ဝမ်းပြည့်မှ ပန်းရံများ ဆောက်လုပ်ခဲ့ကြကြောင်း ကမ္ဘည်း ထိုးထားပါသည်။

ကျောင်းကြီးမှာ တောင်ဘက်သို့ မျက်နှာပြုထား၍ ခုံညားလှသော အုတ်လှေကားကြီး နှစ်စင်းနှင့် အပေါ်ထပ်သို့ တက်ရပါသည်။ မြောက်ဘက်မှ ကြည့်လျှင်လည်း ဆင်ဝင်ကြီးနှင့် ကြည့်၍ မဝပါ။ ဆင်ဝင်အောက်မှ ဝင်သွားလိုက်လျှင် ကျောင်းအောက်ထပ်သို့ ရောက်ပါသည်။ ကြီးမား လှသော ကျွန်းတိုင်လုံးကြီးများမှာ ယနေ့ခေတ်တွင် ရှာဖွေရန် မလွယ်ပါ။ ကျောင်းအတွင်းမှ အပေါ်ထပ်သို့ တက်ရသည့် သစ်သား ကြောင်လိမ်လှေကားကြီးမှာ ထိုခေတ် လက်သမားများ၏ ရှားပါးသော လက်ရာ ဖြစ်ပါသည်။ တိုင်တစ်လုံးမျှ မပါဘဲ လက်ရန်းများကို အားပြု၍ ဆောက်ထားပါသည်။

ဝက်မစွတ်ကျောင်းကြီးကို ကျွန်မတို့၏

အဘိုး ဦးထင်ပေါ်မှ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ဝက်မစွတ် ဆရာတော်ဟု ထင်ရှားသော ဦးဇာဂရ ကို အကြောင်းပြုပြီး ဆောက်လုပ်လှူဒါန်းသဖြင့် ဝက်မစွတ်ကျောင်းဟု အမည်တွင်နေခြင်း ဖြစ်ပါသည်။ မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ်မှ ၁၂၇၉ ခုနှစ်အထိ အုတ်လုပ်သား တစ်ရာကျော်နှင့် အုတ်ဖုတ်၍ အုတ်များ စုဆောင်းခဲ့ပါသည်။ ၁၂၈၀ ခုနှစ်၊ ဝါခေါင်လဆန်း (၁၀) ရက်၊ သောကြာနေ့တွင် အုတ်မြစ်ချ၍ ၁၂၈၂ ခုနှစ်၊ ပြာသိုလဆန်း (၂) ရက်၊ အင်္ဂါနေ့တွင် ပြီးစီးခဲ့ပါသည်။ မဟာရံ တံတိုင်းအပါအဝင် ငွေ ၉၀၀၀၀ (ကိုးသောင်း) ကျော် ကုန်ကျခဲ့သည်ဟု သိရပါသည်။

ခရစ်သက္ကရာဇ် ၁၉၂၁ တွင် ပြီးစီးခဲ့သည် ဖြစ်ရာ အနှစ် (၇၇) နှစ် ရှိခဲ့ပြီ ဖြစ်သော်လည်း ခိုင်ခံ့လှပဆဲပါပဲ။ ဘုရားကျောင်း ဒါယကာကြီး ဦးထင်ပေါ်သည် အလှူအတန်းတွင် အလွန် စေတနာရှိသည်။ သူ၏ စည်းစိမ် တစ်ဝက်ကျော်ကို

လျှူသွားလေသည်။ ဝက်မစွတ်ကျောင်းသို့ နေ့စဉ်ဆွမ်းအုပ်ပို့ရ၏။ ဥပုသ်နေ့တိုင်း သားမြေးအစုံနှင့် ကျောင်းသို့ လျှုဖွယ်နှင့် သွား၏။ သီလယူပြီး နေစောင်းမှ အိမ်ပြန်လေ့ရှိသည်။

ကျောင်းကြီးပေါ်မှ ဘုရားခန်းကြီးက ခမ်းနားလှပါဘိ။ ရုပ်ပွားတော်ကလည်း သပ္ပာယ်လှသည်။ ပလ္လင်တံကဲကြီးက ရွှေရောင်ဝင်းဝါလျက်၊ မျက်နှာကြက်မှာ အလှအပ အမွမ်းအပြောက်များနှင့် ရွှေပိန်းချထားသည်မှာ ယနေ့တိုင် အရောင်မမှိန်သေးပါ။ အဘိုး ဦးထင်ပေါ်သည် အသက်ရှိစဉ်ကပင် သူပိုင်ဆိုင်သော မြေယာများကို (၇) ပုံ စုပုံပြီး သားသမီး (၅) ယောက်ကို တစ်စုစီ၊ ကျန်နှစ်စုကို သာသနာရေးအတွက် ဘုရားကျောင်းစသည်တို့ ပြင်ဆင်မွမ်းမံရန် သတ်မှတ်ပြီး လှူခဲ့ပါသည်။ အသက် (၉၀) ကျော်အထိ နေသွားရသည်။

ယခုခေတ်တွင် ဤကဲ့သို့ အုတ်ကျောင်းကြီးကို ဆောက်လုပ်ရန် မဆိုထားနှင့် ဆေးသုတ်ခြင်း၊

ပြုပြင်ခြင်း စသည်တို့ ပြုလုပ်လျှင်ပင် အတော်ကြီးအကုန်အကျ များမည်ဖြစ်ပါသည်။ နိုင်ငံခြားသားများကို ပို့ဆောင်ပြသနိုင်မည်ဆိုလျှင် ဂုဏ်ယူဝင့်ကြွားစရာ မြန်မာဗိသုကာ လက်ရာကောင်းတစ်ခု ဖြစ်ပါလိမ့်မည်။ အဘိုး ဦးထင်ပေါ်၏ ကျေးဇူးကို ဆပ်သည့်အနေဖြင့် မြေးမြစ်အားလုံးတို့၏ကိုယ်စား ဤဆောင်းပါးကို ဓာတ်ပုံများနှင့် တကွ ရေးသား ဖော်ပြလိုက်ရပါသည်။

(ကလျာ မဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၉၈)

ခတ္တာမန္နူး

သာယာတင့်ထူး ခတ္တာမန္နူး

ကျွန်မတို့သည် နီပေါနိုင်ငံအတွင်းရှိ သိဒ္ဓတ္ထဘုရားလောင်း ဖွားတော်မူရာ လုမ္ဗိနီတွင် တစ်ည အိပ်၍ မနက်အစောကြီးထပြီး လုမ္ဗိနီမှ ကီလိုမီတာ ၃၀ ခန့် သွားရသော ကပိလဝတ်သို့ ရောက်ကြပါ သည်။ နန်းတော်ဟောင်းနေရာတွင် အနောက်မုခ်၊ အရှေ့မုခ်နှင့် အလယ်နန်းမဆောင် နေရာများကို တွေ့ခဲ့ရပါသည်။

အရှေ့မုခ်သည် သိဒ္ဓတ္ထမင်းမြတ် တော ထွက်သော မုခ်တံခါးဟု ရေးသားပါသည်။ အရှေ့ ဘက်၌ မြစ်တစ်စင်း ပတ်၍ စီးဆင်းနေပါသည်။

ဆရာချစ်စံဝင်း၏ "ယသော်ဓရာအလွမ်း" ကို သတိရလိုက်မိသည်။ အရှင်တေဇောဘာသ၏ "အဖော်မရှာ၊ ပစ်ပြီးသွားတဲ့၊ အနော်မာမြစ်ကြီး ခြားတဲ့၊ ယသော်ဓရာ အချစ်ကြီးမားသူရဲ့၊ ရတက် မီးပွားတွေက၊ ပူရပြန်ပေ၊ ဆူကျလျှံဝေ" ဆိုတာ လေးကို စိတ်ထဲမှ ရွတ်ဆိုမိပြီး ဤကဲ့သို့သော နံနက်ခင်းလေးမျိုးမှာ သူမရဲ့ မောင်တော်ကို နန်းတော်တွင်းမှာ ရှာမတွေ့၍ ပူဆွေးငိုကြွေးနေပုံကို မှန်းမျော်မြင်ယောင်မိကာ ယသော်ဓရာ မင်းသမီးကို သနားကြင်နာစိတ် ဖြစ်မိပါသည်။

သုဒ္ဓါဓနမင်းကြီး၏ ဓာတ်တော် ဌာပနာထားသော ဓါတုစေတီကိုလည်း ဖူးမျှော်ခဲ့ကြပါသေးသည်။

ခတ္တမန္ဒူးသို့ သွားရာ လမ်းတစ်လျှောက်တွင် ကျွန်မရင်ထဲ၌ ပီတိတွေ ဖြစ်မိပါသည်။ မြတ်စွာဘုရားရှင် ဖွားတော်မူရာဒေသ ကပိလဝတ်နှင့် လုမ္ဗိနီဆိုသည်မှာ ယခု နီပေါပြည်ထဲမှာ တည်ရှိနေခြင်းနှင့် သက္ကသာကိုဝင် မျိုးနွယ်တို့မှာ

နှစ်ခုည်ရှုပကာယ တင့်တယ်ချောမွေ့ကြသူများ ဖြစ်ကြ မှာမလွဲပါ။ ဗုဒ္ဓမြတ်စွာသည် လက္ခဏာကြီး ငယ် အသွယ်သွယ်နှင့် လွန်စွာ တင့်တယ် သပ္ပာယ်တော်မူပြီး အသားအရေတော်ကား ရွှေအဆင်းကဲ့သို့ ဝါဝင်းလျက် နီမြန်းသော နှုတ်ခမ်းတော်၊ ပြုံးစဉ်သော သွားတော်၊ စွယ်တော် စသည်ဖြင့် ကျက်သရေမင်္ဂလာဖြင့် ပြည့်စုံတော် မူပါ၏။

နီပေါနယ်စပ်ကို ဖြတ်ကျော်ဝင်လိုက်သည်နှင့် ရှုခင်းများ၊ အိမ်များ၊ လူများ၏ ရုပ်ရည်တို့ပါ ပြောင်းလဲသွားပေပြီ။ နယ်စပ်ရှိ နီပေါရဲများသည် အရပ်မြင့်မြင့်၊ အသားဖြူဖြူ ယူနီဖောင်းနှင့် ကြည့်ကောင်းလျက် ရှိကြသည်။ နီပေါလူမျိုးများသည် အသားလတ်သည်။ မျက်နှာအနေအထား မြန်မာနှင့် အတော်ဆင်သူများလည်း တွေ့ရပါသည်။ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍ အေးဆေးတည်ငြိမ်ကြပါသည်။

အင်ကြင်းတောကြီးနားက ဖြတ်သွားစဉ် မယ်တော် မာယာဒေဝီတို့ ဤတောကြီးထဲက

ဖြတ်သွားကြမှာပဲဟု တွေးပြီး ဓာတ်ပုံလှမ်းရိုက်လိုက်ရင်းမှ ရင်ထဲက ဆွေးတသသ ဖြစ်ရပါသေးသည်။ တောင်ကြီးတွေ တစ်တောင်ပြီးတစ်တောင် ဖြတ်ကျော်ခဲ့တော့ ရှုခင်းတွေကလည်း လှသထက်လှလာပါသည်။

ဟိမဝန္တာမှ မြစ်ဖျားခံလာမည်ဖြစ်သော မြစ်တစ်စင်းမှာလည်း ဘေးက ချောက်ကြီးထဲမှာ ညင်သာစွာ စီးဆင်းလျက်၊ ရေကလည်း စိမ်းပြာရောင် ကြည်လင်လှပနေသည်။ သဲသောင်တွေက ဖြူလွလွနေသည်။ တောင်တန်းတွေက နောက်ခံပန်းချီကားပမာ ကြည့်မဝပါ။ တောင်စောင်းမှာ အိမ်ကလေးတွေနှင့် လှေကားထစ် စိုက်ပျိုးရေးစိုက်ခင်းတွေက စိမ်းစိုပြီး အမြင်ဆန်းလှပါသည်။ ကားရပ်ပြီး ဓာတ်ပုံရိုက်ကြ၊ ဗီဒီယိုရိုက်ကြပါသည်။ ကျွန်မက သဘာဝအလှကို နှစ်သက်သူမို့ ရှုခင်းတွေကိုသာ ရိုက်သည်။ သူငယ်ချင်းတွေက "ဖလင်ကုန်အောင် ဘာလို့ ရှုခင်းတွေချည်း ရိုက်နေတာလဲ" ဟု အော်ကြသည်။ ဦးပဉ္စင်းက "ဒကာမ

ကြီးတို့ ရှုခင်းတွေချည်း မရိုက်ပါနဲ့၊ ဒီနားလာရပ်ကြ၊ ဦးပဉ္စင်း ရိုက်ပေးမယ်" ဟု ခေါ်ပြီး ဓာတ်ပုံရိုက်ပေးပါသည်။ ကျွန်မရိုက်ထားသော ပုံများ အကုန်ကောင်းသည်။ ကြည့်၍ပင် မဝနိုင်သော ရှုမျှော်ခင်းများပါပေ။

ခတ္တမန္ဒူးရောက်တော့ ည ၉ နာရီ ကျော်နေပါပြီ။ တောင်စောင်းတွေပေါ်မှ အိမ်လေးတွေဆီက မီးတွေ အစီအရီ လင်းနေပုံမှာ ညရှုခင်းတစ်မျိုး ဆန်းနေသည်။ IBMC ဟု မေးလို့မရ။ Buddhist Temple ဆိုမှ လူငယ်တစ်ယောက်က သူသိတယ်။ လိုက်ပို့ပေးမယ်ဆိုပြီး ရိပ်သာအထိ လိုက်ပို့ပါသည်။ ချမ်းလိုက်သည်က ခိုက်ခိုက်တုန်နေကြသည်။ ရိပ်သာမှာ အားလုံးအတွက် အိပ်ရာများ ခင်းကျင်းထားပါသဖြင့် ချမ်းချမ်းနှင့် အိပ်ရာဝင်ကြရပါသည်။

နောက်တစ်နေ့ ၁၃ . ၃ . ၉၈ နေ့တွင် ရိပ်သာမှ ဦးပဉ္စင်းတို့ကိုဦးချလျက် နီပေါနိုင်ငံနှင့် ရိပ်သာအကြောင်း မေးလျှောက်ရပါသည်။

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဖွင့်ထားကြောင်း၊ တရားစခန်းလည်း ဖွင့်ကြောင်း၊ တနင်္ဂနွေမနက်တိုင်း မြို့ထဲမှ တရားလာထိုင်ကြကြောင်း သိရပါသည်။ နိပေါနိုင်ငံမှာ ကမ္ဘာနှင့် လွတ်လပ်စွာ ကုန်သွယ်ခွင့် ပြုထား၍ ကုမ္ပဏီကြီးများ၊ ကုန်တိုက်ကြီးများ ဖွင့်ထားကြောင်းနှင့် နိပေါလူမျိုးများ၏ လက်မှုပညာ ပစ္စည်းများ (Handicraft) က နာမည်ကြီးကြောင်း ပြောပြပါသည်။

ကျွန်မ စိတ်အဝင်စားဆုံးကတော့ နိပေါမှာ ရာသီဥတုလေးမျိုးရှိ၍ ယခုအချိန်မှာ နွေဦးရာသီအစ (Spring) ဖြစ်ကြောင်း၊ ဆောင်းတွင်းကဆီးနှင်းကျ၍ သစ်ပင်များ အရိုးပြိုင်းပြိုင်း ကျန်ရစ်ကာ မကြာခင် ပန်းများ ရောင်စုံပွင့်လာတော့မှာ ဖြစ်ကြောင်းပါပေ။ ပန်းမျိုးစုံပွင့်သောအချိန်နှင့် ကြုံကြိုက်လျှင် မည်မျှလောက် ပျော်စရာကောင်းမည်မသိပါ။ ရိပ်သာဝင်းထဲ၌ လီလီပန်း အနီဖူးတံအများအပြား တွေ့ခဲ့ရပါသေးသည်။

ကျွန်မတို့သည် မျက်လုံးကြီးများ လေးဖက်

လေးတန်ရှိသော မဟာဗုဒ္ဓဘုရားကြီးသို့ သွားဖူးကြပါသည်။ အပေါ်ရင်ပြင်အထိ တက်ဖူး၍ ရပါသည်။ မြို့ကို ဆီး၍ မြင်ရပြီး တောင်တန်းများ နောက်ခံနှင့် သာယာလှပပါပေသည်။ လားမားလောင်လျာ လေး၏ ကျောင်းမှာလည်း ဘုံဝါးဆင့်နှင့် ရွှေရောင်ဝင်းဝါနေသည်ကို လှမ်းမြင်ရသည်။ ဘုရားပတ်ပတ်လည်မှာ ဆိုင်ခန်းများ ရှိပါသည်။ ကျွန်မတို့အဖွဲ့ ဝယ်လိုက်ကြသည်မှာ မဆုံးနိုင်၍ ရိပ်သာမှ ဦးပဉ္ဇင်းလည်း မနေရ။ ဝိုင်းပြီး စျေးဆစ်ပေးရသည်။ ကျွန်မတို့ဆီမှ ချင်း၊ ကချင်တို့ ယက်လုပ်သော ဂျပ်ခုပ်လက်ရာမျိုး အနွေးထည်၊ ကျောပိုးအိတ်၊ လွယ်အိတ်၊ ပိုက်ဆံအိတ်၊ ဦးထုပ်၊ ခြုံစောင် စသည်ဖြင့် အရောင်အသွေး စုံလင်လှသည်။ သိုးမွေးကော်ဇောများကလည်း လိုချင်စဖွယ် ကောင်းလှပါသည်။

ထိုမှတစ်ဆင့် Swogambhu တောင်ပေါ်ဘုရားသို့ သွားကြသည်။ Visit Year မို့ နိုင်ငံခြားသားများ စုံလင်လှသည်။ သတ္တုသုံးမျိုးနှင့် ပြုလုပ်

ထားသော သွေးတိုး၊ အကိုက်အခဲ၊ အကြောတက် ပျောက်ကင်းသည့် ဆေးလက်ကောက်များ ဝယ်ကြပါသည်။ လက်ကောက်လေးများက လှလည်းလှပါသဖြင့် အိမ်ပြန် လက်ဆောင်ကောင်း ဖြစ်ရပါ၏။

မြန်မာပြည်မှာ တရားရိပ်သာဝင်၍ မြန်မာစကားလည်းတတ်သော ဆရာလေး ဒေါ်ဇီးနားတို့ မောင်နှမများ ပိုင်ဆိုင်သော ကုန်တိုက်ကြီးမှာ လည်း နိုင်ငံခြားပစ္စည်းများနှင့် သားနားလှပါပေ သည်။ ဆရာလေးက ရိပ်သာမှာ မနက်စာ၊ ညစာ၊ နောက်တစ်နေ့ နံနက်ခင်းစာများ နှင့် ကျွေးမွေး တာဝန်ယူပါသည်။

၁၄ . ၃ . ၉၈ နေ့ နံနက် ပြန်ခါနီးတွင် နီပေါကလေးများ လာရောက်ကြပါသည်။ သင်တန်း တက်ရန် ဖြစ်ပါသည်။ နမောတဿနှင့် ငါးပါး သီလကို ရွတ်ဆိုနေကြသည်မှာ ကြည်နူးဖွယ် ကောင်းပါသည်။ လူကြီးများလည်း တရားထိုင်ရန် တဖွဖွ ရောက်လာကြပါသည်။ ယဉ်ကျေးပျူငှာစွာ

နှုတ်ဆက်ကြပါသည်။ တိုင်းတစ်ပါးတွင် ပုဒ္ဓသာသနာ ပြန့်ပွားနေသည်မှာ ဝမ်းမြောက်စရာ ကောင်းပါသည်။

ကားပေါ်တက်ခါနီး ဘုရားဆောင်မှာ ရှေးဟောင်း ရုပ်ပွားတော်ကြီးကို ဦးချရှိခိုးပြီး ပြန်ဆင်းလာတော့ ပန်းကလေးတစ်ပွင့် ပွင့်နေတာ တွေ့ရသည်။ မနေ့က အငုံလေးပဲ ရှိပါသေးသည်။ ကျွန်မ စိတ်ထဲမှာ နှင်းပန်းလို့ ထင်နေခဲ့သည်။ ယခုတော့ စာထဲ၊ ကဗျာထဲမှာ မာတ်ပုံထဲမှာသာ တွေ့ဖူးခဲ့တဲ့ Daffodil ပန်းလေး ဖြစ်နေပါသည်။ အနောက်နိုင်ငံ Spring ရာသီတွင် အခင်းလိုက် အရိုင်းပွင့်တဲ့ ပန်းတွေပါ။ အဖြူမှာ အဝါဝတ်ဆံနှင့် သိပ်ချစ်စရာ ကောင်းပါသည်။ ကားထွက်ခါနီးပြီမို့ မာတ်ပုံမရိုက်နိုင်ခဲ့ပါ။ ပန်းလေးကို မျက်စိထဲမှ မထွက်ဘဲ လိုက်ပါခဲ့ရာ ခတ္တမန္ဒူးမှ စဆင်းပြီး တစ်တောင် နှစ်တောင် ကျော်လိုက်သည်နှင့် ဟိမဝန္တာရေခဲတောင် ဖြူဖြူဖွေးဖွေးကို လှမ်းမြင်ကြရပါသည်။

ကားထဲတွင် လူငယ်လူရွယ် တစ်ယောက်မျှ မပါသော်လည်း ဝမ်းသာအားရ အော်လိုက်ကြသည်မှာ ဆူညံသွားပါတော့သည်။ အင်မတန်လှပဆန်းကျယ်သော ရှုခင်းပါပေ။ မြင်ကွင်းကျယ်ကျယ် မြင်ရသောနေရာတွင် ကားရပ်ခိုင်းပြီး နှင်းတောင်ကြီးကို နောက်ခံထား၍ ဓာတ်ပုံ ရိုက်ကြပါသည်။ ကျွန်မတို့ကားသည် တောင်အောက်သို့ တဖြည်းဖြည်း ရောက်လာပြီး နှင်းတောင်ကြီးနှင့် တကွ ဆန်းပြားလှသော သာယာတင့်ထူးသည့် ခတ္တမန္ဒုံးလည်း နောက်မှာ ကျန်ရစ်ခဲ့လေပြီ ဖြစ်ပါတော့သည်။

(ကလျာ မဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၈)

ယောဒီတို့သည် ဤပုံထော် မင်းသားကြီး
မင်းသမီးတို့ဆီတွေ ခြွေမဲ့ကြောင်း ရုပ်နာမ်
အလျောက်ကို မကျော်တဏှာလှည့်ပြီး
ဤနေကြတာ မဟုတ်လား။ ငရဲမကျော်
တရိစ္ဆာန်မကျော်၊ ပြိတ္တာမကျော်၊ လူမကျော်
နတ်မကျော်တို့မှာ ဤနေကြလို့ မဟုတ်လား။ သံသရာ
တစ်လျှောက် ဤခဲ့ကြတာ ကြာပြီ။ လိပ်ဓာတွေလဲ ထူစိုလို့
ပျတ်တုန်ပြီပေါ့။ ဇောဘ၊ ဇဒါသ၊ ဇောဟ ဓာန့်ဆိုတဲ့
တီလသာဇလတွေ မစိုစေနဲ့။ လိပ်ဓာမလျှောက်ကြစေနဲ့။
ဝဋ္ဋသွောဝါ၊ ဂဠာမီတီ၊ ပဇာနာထီ ဆိုတဲ့ မြွတ်စွာဘုရားပေးတဲ့
လိပ်ဓာခြစ်တယ်။

ဤပါရမီစခန်းမှ ဘာမဖြည့်လုပ်ကြပါစို့

သထုံမြို့အနီး ကလာသတောင်ပေါ်ရှိ ရွှေပါရမီတောရတွင် သုံးထပ်ကွမ်း လူရည်ချွန် ခြောက်ဘာသာဂုဏ်ထူးရှင် ပထမကျော် အရှင်ဆန္ဒာဓိကသည် တစ်ပါးတည်း တောရဆောက်တည် ပျော်မွေ့နေတော်မူပါသည်။ ကလာသတောင်နှင့် တစ်ဆက်တည်းဖြစ်သော နေမိန္ဒရတောင်ခြေတွင် မြစိမ်းကျောင်း တည်ရှိပါသည်။ ထိုကျောင်းဝင်းအတွင်း၌ အရှင်ဆန္ဒာဓိက၏ ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမများ ဖြစ်ကြသော တက်လမ်းဆောက်လုပ်ရေးပိုင်ရှင် ဦးရှိန်ဝင်းနှင့်

ဒေါ်ခင်ချိုဦးတို့က မဟာအတုလ မြစမ်းရုံကြီးကို ဆောက်လုပ်၍ အရှင်ဆန္ဒာဓိကအား ရေစက်သွန်းချ လှူဒါန်းခဲ့ပါသည်။

မဟာအတုလ မြစမ်းရုံကြီးသည် လူသူမနီးသော ဒေသလေးနှင့် မလိုက်အောင်ပင် ခန်းနားထည်ဝါလှပါသည်။ မျက်နှာချင်းဆိုင်မှ ရှုခင်းမှာ ကေလာသ၊ နေမိန္ဒရ၊ လဝ၊ မြသပိတ်တောင်တန်းများ နောက်ခံ၍ နေမိန္ဒရစေတီ၊ အာနန္ဒာစေတီ၊ မြသပိတ်စေတီတော်တို့မှာ ကြည်ညိုစဖွယ် သာယာအေးချမ်းလှပါသည်။ မိုးရွာပြီးစအချိန်မှာ တောင်ဦးတွေဝေ၍ မြူခြေတွေ ဆိုင်းနေပုံမှာ ပန်းချီကားတစ်ချပ်ပမာ လှပရှုမောဖွယ် ကောင်းလှပါသည်။ အရှင်ဆန္ဒာဓိကမှာမူ တောရကျောင်းလေးမှာသာ တရားအားထုတ် ကျင့်ကြံပျော်မွေ့ပါသည်။ လူအများကြီးနှင့်လည်း တွေ့လိုခြင်းမရှိပါ။ တောင်အောက်သို့လည်း ဆင်းလာလေ့ မရှိပါ။ မြစိမ်းကျောင်းမှာလည်း လုံးဝ သီတင်းသုံးခြင်း မရှိပါပေ။ ကပ်ဝိယများကိုလည်း တောင်ပေါ်တွင် နေခွင့်မပြု

လို စီးဆင်းလျက် အရှင်ဆန္ဒာဓိကအတွက် သုံးရေ
သောက်ရေ လုံလောက်လျက် ရှိနေပါသည်။

အရှင်ဆန္ဒာဓိကသည် ရဟန်းဒကာ၊ ရဟန်း
အစ်မ၊ ကျောင်းဒကာ၊ ကျောင်းအမများ ဖြစ်ကြ
သော ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိဦးတို့၏ ကျေးဇူးတရားကို
တုံ့ပြန်ဆပ်သောအားဖြင့် ပထမဆုံးအကြိမ်
သတိပဋ္ဌာန် ဝိပဿနာတရားစခန်းကို ဧပြီလ
(၁၁) ရက်မှ ဧပြီလ (၁၇) ရက်အထိ ဖွင့်လှစ်
ပေးခဲ့ပါသည်။ ဦးရှိန်ဝင်းမှ ကြိုးမှူး၍ ဒုလ္လဘ အပေး
ငါးဆယ်ကျော်ကို ရဟန်းခံပေးခဲ့ပါသည်။ သထုံမြို့
မှ ယောဂီများ၊ ရန်ကုန်မှ ယောဂီများ စုစုပေါင်း
တစ်ရာကျော် တရားစခန်း ဝင်ခဲ့ကြပါသည်။

ကျွန်မသည်လည်း ဦးပဉ္ဇင်း၏ မယ်တော်
နှင့် တူမလေး မြစိမ်းအေးတို့နှင့်အတူ သထုံမြို့သို့
အရောက်သွား၍ တရားအားထုတ်ခဲ့ပါသည်။
ရန်ကုန်မှ နေမကောင်း ဖြစ်သွားသည်မှာလည်း
တရား၏ စွမ်းအားကြောင့် ပကတိ ကျန်းမာလျက်
ရှိပါသည်။ သင်္ကြန်အကြိုနေ့မှ စတင်၍ မိုးသည်

ပါ။ ဆွမ်းပို့သည့်အချိန်သာ တက်ကြရပါသည်။

ရွှေပါရမီတောရသို့ သွားရာတွင် တစ်ခါမှ
မရောက်ဖူးလျှင် လမ်းခွဲတွေ့မှားပြီး တဝဲလည်လည်
ဖြစ်တတ်ပါသည်။ နာရီဝက်ကျော်ကျော် နှင့်
ရောက်ရမည်ကို တစ်နာရီ နှစ်နာရီကြာမှ ရောက်
ချင်လည်း ရောက်တတ်ပါသည်။ ခွေးပြန်အောင်
တက်ပြီးမှ ရွှေပါရမီတောရသို့ ရောက်ပါလိမ့်မည်။
အရှင်ဆန္ဒာဓိက ရေချမ်းစင်ကလေးက စမ်းရေ
အေးအေးလေးကို သောက်၍ အမောပြေအောင်
တောင်ပေါ်လေ လတ်လတ်ဆတ်ဆတ်ကလေးကို
ရှူလိုက်မှ အသက်ရှူမှန်သွားမှာ ဖြစ်ပါသည်။

ကျောင်းလေးပေါ် သို့ အခက်အလက်
များနှင့် မိုးပေးထားသော သရက်ပင်နှင့် သစ်တိုသီး
ပင်တို့ကလည်း အပွင့်တွေ ပွင့်ကြ။ အသီးကင်း
လေးတွေ သီးကြ၊ မှည့်သော အသီးကလည်း
မှည့်ပြီး ကြွေကျကြနှင့် တပြိုင်နက်တည်း သုံးမျိုး
ဖြစ်နေကြသည်မှာလည်း ထူးခြားနေပါသည်။
ကျောင်ဘေးနားမှ စမ်းချောင်းကလေးက သုံးရာသီ

သည်းကြီးမဲကြီး ရွာချပါသဖြင့် ရာသီဥတုမှာ အေးချမ်းသွား၍ ယောဂီများ သက်တောင့် သက်သာနှင့် တရားအားထုတ်နိုင်ကြပါသည်။ နေမိန့်ရတောင်ခြေမှ ပိတောက်ပန်းများသည်လည်း ပွင့်လန်းလာခဲ့၍ ပတ်ဝန်းကျင်တစ်ခုလုံး မွေးကြိုင်နေပါတော့သည်။

ဦးရှိန်ဝင်းတို့ ဇနီးမောင်နှံမှာလည်း သဒ္ဓါတရား ထက်သန်လှသည်။ လိုအပ်သမျှ ဖြည့်ဆည်းပေးနေကြသည်။ ဘယ်အခါ ကြည့်လိုက် ကြည့်လိုက် သူတို့မျက်နှာလေးတွေမှာ ကြည်လင်ရွှင်လန်းလျက် ရှိပါသည်။ အသက် လေးဆယ်ပတ်ဝန်းကျင်မှာပင် ရက်ရောစွာ လှူဒါန်း ကုသိုလ်လုပ်ကြပုံမှာ ချီးကျူးစရာ ကောင်းလှပါသည်။ သံလျင် ဖားအောက်တောရတွင်လည်း လှူဒါန်းမှုအစုစုမှာ သိန်း (၅၀၀) ကျော်ပါပြီ။ မြစိမ်းကျောင်းမှာလည်း ယောဂီတွေအတွက် ရက်တိုတိုအတွင်း အဆောင်များ ဆောက်လုပ်ခဲ့သည်။ ရေအတွက်လည်း အဝီစိတွင်းမှ အုတ်ကန်များထဲသို့ အပြည့်

အလှဲ့ အမြဲမပြတ် ဖြည့်ပေးနေပါသည်။ တရားစခန်းဝင် ယောဂီများ၏ (၇) ရက်တာ အစားအသောက်၊ အနေအထိုင်၊ ကျန်းမာရေး အားလုံးကို တစ်ဦးတည်း အလှူရှင်အဖြစ်၊ အစစအရာရာ တာဝန်ယူထားသည်။ တရားစခန်း အတွက် အစားအသောက်ကို မြို့ခံ ဦးအုန်းကျော်၊ ဒေါ်နုနု အောင်နှင့် ဓမ္မမိတ်ဆွေများ အဖွဲ့မှ ဝေယျာဝစ္စတာဝန်ယူ၍ ဖွယ်ဖွယ်ရာရာဖြစ်အောင် စေတနာထက်သန်စွာဖြင့် ချက်ပြုတ် ကျွေးမွေးခဲ့ကြသည်။ အချို့ပွဲဆိုလျှင် တစ်မျိုးနှင့် အားမရကြ၊ နှစ်မျိုးသုံးမျိုး ထည့်ကြသည်။

အရှင်ဆန္ဒာဓိကသည် ညနေတိုင်းတောင်ပေါ်မှ ကြွလာပြီး ညနေ ၆ နာရီမှ ၇ နာရီအထိ တရားပေးပါသည်။ ပြီးလျှင် ယောဂီများကို တရားစစ်တော်မူသည်။ ည ဘယ်အချိန်ပင်ဖြစ်စေ တောင်ပေါ်သို့သာ ပြန်ကြွ၍ သွားမြဲ ဖြစ်ပါသည်။ မိုးထဲရေထဲမှာပင် ပြန်ကြွသွားတတ်ပါသည်။ အန္တရာယ် မရှိပါစေကြောင်း ဆုတောင်းပေးရပါသည်။

သည် ရှာပုံတော်မင်းသားကြီး၊ မင်းသမီးကြီးတွေ ဖြစ်ကြောင်း၊ ရုပ်နာမ်အပျောက်ကို မကျွပ်တကာ လှည့်ပြီး ရှာနေကြတာ မဟုတ်လား၊ ငရဲမကျွပ်၊ တိရစ္ဆာန်မကျွပ်၊ ပြိတ္တာမကျွပ်၊ လူမကျွပ်၊ နတ်မကျွပ် တို့မှာ ရှာနေကြလို့ မဟုတ်လား၊ သံသရာတစ်လျှောက် ရှာခဲ့ကြတာ ကြာပြီ၊ လိပ်စာကလည်း ရေတွေစိုလို့ ပျက်ကုန်ပြီပေါ့။ လောဘ၊ ဒေါသ၊ မောဟ၊ မာန ဆိုတဲ့ ကိလေသာရေတွေ မစိုစေနဲ့ လိပ်စာ မပျောက်ကြစေနဲ့" ဂစ္ဆန္တောဝါ၊ ဂစ္ဆာမိတိ၊ ပဇာနာတိ" ဆိုတဲ့ မြတ်စွာဘုရားပေးတဲ့ လိပ်စာဖြစ်တယ်။ သွားလို့ ရှိရင် "သွားတယ်လို့ သိနေပါ။ သတိကို လက်မလွတ်ကြစေနဲ့" ဟု သက်ိန်စကား၊ သက်ိန်သီချင်းလေးကို ကိုးကားပြီး နိဂုံးချုပ်ပါသဖြင့် ယောဂီအပေါင်းတို့သည် ရွှင်လန်းကြည်နူးသွားကြရပါသည်။

နှစ်ဆန်းတစ်ရက်နေ့မနက်တွင် အရှင်ဆန္ဒာဓိကသည် ဩဝါဒတရားပေး၍ ရေစက်ချအမျှဝေပြီး တရားစခန်းကို သိမ်းပေးလိုက်ပါသည်။

(၇) ရက်လုံးလုံး မိုးရွာနေခဲ့သော မိုးသည် လုံးဝ

အရှင်ဆန္ဒာဓိက ငါးညတိုင် ဟောကြားတော်မူသော တရားခေါင်းစဉ်မှာ "အရိယာဝါသ" သို့မဟုတ် "မြင့်မြတ်သူတို့၏ စံအိမ်" ဖြစ်ပါသည်။ အရှင်ဆန္ဒာဓိက၏ ဆိုလိုရင်းမှာ ကိုယ့်စိတ်ကို မြင့်မြတ်အောင် ပြုလုပ်၍ နှလုံးသားထဲမှာ ဆောက်ရမည့် အိမ်ဖြစ်ပါသည်။ စိတ်သည်ပင် အိမ်ဖြစ်ပါသည်။ အဓိကမှာ အစောင့်အရှောက်ကောင်းသော အိမ်ဖြစ်စေရပါမည်။ သတိရှိမှသာ မိမိ၏အိမ်သည် လုံခြုံပါမည်။ သတိပဋ္ဌာန်တရားကို အမြဲမပြတ် ကျင့်သုံးအားထုတ်တတ်ကြရန် အလုပ်ပေးတရားသဘောဖြင့် အကျယ်တဝင့် ဟောကြားတော်မူပါသည်။ ပဋ္ဌာနာရီကို ဥပမာထုတ်ပြန်၍ သတိလက်မလွတ်ကြစေရန်နှင့် သတိသည်သာ အရေးအကြီးဆုံး ဖြစ်သည်ကို သိသာစေပါသည်။

သက်ိန်ကာလဖြစ်သဖြင့် ယောဂီများသည် အတာသက်ိန် မကစားကြရသော်လည်း ခန္ဓာသက်ိန် ကစားနေကြရသည်ကို ဝမ်းမြောက်ကြစေလိုကြောင်း အားပေးတော်မူပါသည်။ "ယောဂီတို့

တိတ်သွားပြီး၊ နေများ ပွင့်လာခဲ့ပါသည်။ နေမိန့်ရတော်ခြေတဝိုက်မှာ သာသာယာသာ ရှိသွားခဲ့ပါသည်။ ထူးခြားသော ဖြစ်ရပ်ကလေးပါပေ။

ညနေမှာ လူဝတ်လဲပြီးသော ဒုလ္လဘလူထွက်များ၊ ယောဂီများ၊ မော်လမြိုင် ပြန်ကြ၊ ရန်ကုန်ပြန်ကြ၊ ကျိုက်ထီးရိုး၊ သာမညဘက် သွားသည့်အဖွဲ့က သွားကြနှင့် လူရှင်းသွားပါတော့သည်။ ကျွန်မတို့သည် တစ်ည ဆက်အိပ်ပြီး နောက်တစ်နေ့မနက်တွင် ရွှေပါရမီတောရသို့ တက်၍ အရှင်ဆန္ဒာဓိကအား ဖူးတွေ့ပြီးနောက် ရန်ကုန်သို့ ပြန်ခဲ့ကြပါသည်။ ရှစ်ညမျှ အိပ်ခဲ့ရသော မြစိမ်းကျောင်းနှင့် တစ်ပါးတည်း ကျန်ရစ်ခဲ့သော အရှင်ဆန္ဒာဓိကနှင့် ရွှေပါရမီတောရကျောင်းလေးကို လွမ်းဆွတ်သတိရလျက် တရားပြ၊ တရားဟောတော်မူခဲ့သော အရှင်ဆန္ဒာဓိက၏ ကျေးဇူးကား ကြီးမားပေစွ။

(ကလျာ မဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၉၉)

မြတ်စွာဘုရား၏ အမျက်ထွက်သူကို မေတ္တာတရား၊ ပြင့်
အောင်မြင်နိုင်သည်၊ ဝန်တိုလွန်းသူကို ပေးခြင်း၊ ပြင့်၊ အနိုင်ယူရန်
ဟောကြားတော်မူခဲ့သည်ကို သတိပြင့် နှလုံးသွင်းအပ်လှပေသည်၊

ဒေါသစိတ်နှင့် အပေါင်းပါများ

စိတ်ဆိုသည်မှာ အာရုံကို သိတတ်သော သဘောတရားဟူ၍ အသိများကြသည်။ စိတ်နှင့် အတူတကွဖြစ်ကြသော အပေါင်းပါများကို စေတသိတ်ဟု ခေါ်ကြသည်။ စိတ်၏ ပကတိသဘောက ဖြူစင်ပါသည်။ ထို ဖြူစင်သောစိတ်ကို အကုသိုလ်စိတ်များ ဝင်ရောက်လာပါက ညစ်နွမ်းညှိုးမှန်ရာ ညစ်ညမ်းနောက်ကျိရတော့သည်။ အကုသိုလ် စေတသိတ်များတွင် ဒေါသကို ပြောရလျှင် သူနှင့် အပေါင်းအပါ စေတသိတ် (၄) ခုမှာ -

၁။ ဒေါသ = စိတ်ဆိုးခြင်း
၂။ ကွသ = မနာလိုမှု
၃။ မစ္ဆရိယ = ဝန်တိုမှု
၄။ ကုက္ကစ္စ = မှားခဲ့မိလေခြင်းဟု စိတ်ပူပန်မှုတို့ ဖြစ်ကြပါသည်။

လူတစ်ယောက်က အခြားတစ်ယောက်အား သေနတ်နှင့် ချိန်ထားပြီး ငါနှင့်သေနတ်ဘယ်ဟာကို ကြောက်သလဲ မေးသောအခါ လူကို မကြောက် သေနတ်ကိုသာကြောက်သည်ဟု ဖြေပါသည်။ သေနတ်ထက် သေနတ်မောင်းတွင် တင်ထားသော လက်ကို ကြောက်သည်။ ထိုလက်ထက်သူ၏ စိတ်ကို ပို၍ကြောက်သည်။ ထိုထက်ပို၍ ကြောက်စရာကောင်းသည်မှာ သေနတ်မောင်းကို ဖြုတ်ရန် လှုံ့ဆော်ပေးသော စေတသိတ်ပါပဲဟု ဆိုထားသော စကားစုကို သတိထားဆင်ခြင်ပါက အရာရာကို စေတသိတ်ကသာ ခြယ်လှယ်နေသည်မှာ သိသာထင်ရှားလှပါသည်။

ဒေါသကို လေ့လာကြည့်လျှင် ပျက်စီးစေ

ခြင်းကြောင့် ကြောက်စရာ ကောင်းလှပါသည်။ သူတစ်ပါး မပျက်စီးခင် ဒေါသဖြစ်သူမှာ ပျက်စီးနှင့်ပြီ ဖြစ်နေသည်။ ရုပ်ရည်အဆင်း ပျက်စီးသည်။ မျက်နှာအသွင်အပြင် မကြည်လင်တော့။

ဒေါသအနုစား၊ အရင့်စားများ ဖြစ်ကြသော စိတ်ဆိုး၊ စိတ်ညစ်၊ စိတ်ရှုပ်၊ စိတ်အားငယ်၊ စိုးရိမ်ပူပန်ရခြင်းများသည် လိုချင်တာမရ၍ လုပ်ချင်တာ မလုပ်ရ၍၊ မျှော်လင့်သလို ဖြစ်မလာ၍၊ အသိအမှတ်မပြု ဖြစ်ပေါ်လာရခြင်းသာ ဖြစ်ပါသည်။ ဒေါသစိတ်ကို ကြည့်လိုက်ပါ။ ဒေါသစိတ်ဟူ၍ သိလိုက်ပါ။ ကိုယ်က မဖန်တီး၊ ငါ မဟုတ်ပါ၊ ဒေါသနှင့် ငါ တခြားစီဆိုသည်ကို သိလိုက်လျှင် ဖြစ်ကြော မရှည်တော့ပါ။ ဒေါသထွက်မည့်ဆဲဆဲတွင် စိတ်ကို ဆုံးမနိုင်ခြင်းသည် အလေ့အကျင့် အကောင်းဆုံး ဖြစ်ပါသည်။ ပေါက်ကွဲပြီးလျှင်မူ အကျိုးယုတ်ရန်သာ ရှိတော့သည်။

ဒေါသစိတ်နှင့်ပတ်သက်သည့် လူငယ်လေးတစ်ယောက်အား သူဖခင်က အိမ်ရိုက်သံများ

ဆည့်ထားသော အိတ်တစ်လုံးကိုပေးပြီး ဒေါသဘန်ခါထွက်တိုင်း ဝင်းထရဲမှာ သံတစ်ချောင်း ရိုက်ဆည့်ရန် မှာကြားခဲ့သည်။ ပထမနေ့က ထိုသူငယ်သည် သံ (၃၇) ချောင်း ဝင်းထရဲမှာ ရိုက်ဖြစ်ခဲ့သည်။ နောက်ရက်တွေမှာ တဖြည်းဖြည်း သံချောင်းရေ နည်းသွားခဲ့သည်။ သူသည် သံချောင်းများ ရိုက်ရခြင်းထက် ဒေါသကို ချုပ်တည်းရခြင်းက ပို၍ လွယ်ကူသည်ကို သဘောပေါက်ခဲ့ပါသည်။

နောက်ဆုံးတွင် ဒေါသတစ်ခါမှ မထွက်သော နေ့သို့ ရောက်ခဲ့သည်။ သူဖခင်က ဒေါသမထွက်သောနေ့တိုင်း ဝင်းထရဲမှ သံတစ်ချောင်းကျ နုတ်ပစ်ရန် အကြံပေးခဲ့သည်။ ရက်ပေါင်းအတော်ကြာသောအခါ ဝင်းထရဲမှာ သံ တစ်ချောင်းမျှ မကျန်တော့ကြောင်း ဖခင်ကို လာပြောခဲ့သည်။ သားကို လက်ဆွဲခေါ်သွားပြီး -

"သားက ဒေါသတွေ ကင်းသွားတာ သိပ်တော်တာပဲ။ ဒါပေမယ့် ဝင်းထရဲမှာ ကျန်ရစ်ခဲ့တဲ့ အပေါက်တွေကို ကြည့်စမ်း၊ ဒီဝင်းထရဲကြီးဟာ နဂို

မူလအတိုင်းတော့ မဖြစ်တော့ဘူးလေ" ဟု ပြောလိုက်ပါသည်။

သင် ဒေါသဖြင့် ပြောလိုက်သော စကားများ၊ ပြုမူလိုက်သော အပြုအမူများသည် ဝင်းထခဲ့ကြီးကဲ့သို့ ဒဏ်ရာအနာရွတ်များ ကျန်ရစ်ခဲ့သည်သာ ဖြစ်ပါသည်။

မနာလိုမှု ကျဿနှင့် ဝန်တိုမှု မစ္ဆရိယတို့သည် တွဲဖက်၍ ဖြစ်လေ့ရှိသည်။ မြတ်စွာဘုရားက မနာလိုခြင်းနှင့် ဝန်တိုခြင်းသည် သတ္တဝါတို့၏ ဆင်းရဲကြောင်း ဖြစ်သည်ဟု ဟောကြားတော်မူထားပါသည်။

လောကတွင် ဤ အကုသိုလ်စေတသိတ်များကို လူအများ ရှောင်နိုင်ခဲလှသည်။ လူတစ်ယောက် မိမိထက် အခြေအနေ တိုးတက်သွားလျှင် မနာလို ဖြစ်တတ်သည်။ မိတ်ဆွေအရင်း အချာပင် ဖြစ်စေကာမူ မုဒိတာ ပွားနိုင်ရန် ခက်ခဲလှသည်။

အကုသိုလ် စေတသိတ်များသည် ပူလောင်

လှပေသည်။ ကျဿ၏ သဘောသည် သူတစ်ပါး ရပြီးသော ဥစ္စာပစ္စည်း၊ ဂုဏ်သိမ်ကို ကဲ့ရဲ့ရှုတ်ချလို၏။ မစ္ဆရိယမှာ ကိုယ့်ဥစ္စာကိုလည်း မပေးလို။ သူတစ်ပါး ရသွားမည်ကိုလည်း ဝန်တိုသည့် သဘော ဖြစ်ပါသည်။ မိမိနှင့်လည်း မသက်ဆိုင်၊ မိမိပိုင် ပစ္စည်းလည်း စိုက်ထုတ်ရခြင်းမရှိဘဲ တစ်ဖက်သား ချမ်းသာသည်ကို ငြူစူစောင်းမြောင်း စိတ်ထားခြင်း သည် သိမ်ဖျင်းသော စိတ်နေစိတ်ထား ဖြစ်ပါသည်။

ထိုထက်ပို၍ ဆိုးသည်မှာ မိမိ၏ ပစ္စည်း ဥစ္စာကို မပေးလိုရုံမျှမက သူတစ်ပါးက သူ ကြည်ညို ချစ်ခင်လေးစားသူအား ပေးကမ်းလှူဒါန်းနေသည်ကို မကြည့်ချင်၊ မမြင်ချင်၊ မကြားချင်အောင် ကြမ်းတမ်းစွာ သဝန်တိုခြင်းဖြစ်သည်။

အဘိဓမ္မာဋ္ဌကထာ ရွှေဟင်္သာဆရာတော် ဘုရားကြီးက . . . .

"ကျဿာမစ္ဆေ၊ နှစ်ထွေဟိန၊ ထိုဓမ္မကို၊ ကျရောက်ကိန်းခို၊ ယင်းပုဂ္ဂိုလ်ကား၊ ထိုဤကာလ၊

ဘဝဝဋ်၊ မရကောင်းကျိုး၊ မတိုးဂုဏ်သိမ်၊ အရှိန်မဲ့ကင်း၊ ဆင်းရဲတွင်းသို့၊ သက်ဆင်းတတ်ပေ၊ သို့ဖြစ်ထွေကြောင့်၊ အရှည်မျှော်ထောက်၊ ဆင်းရဲကြောက်၍၊အောက်အပါယ်ဝဋ်၊ ကင်းလိုလတ်မူ၊ သတ္တုရန်နှစ်၊ ဆိုးအညစ်ကို၊ အရစ်အရန်၊ ပူမခံဘဲ၊ တွန်းလှန်ပယ်ခွင်း၊ ပြုထိုက်လျင်းသည်၊ အတွင်းရန်သူပါတကား”

ဟု သတိပေး ရေးစပ်တော်မူခဲ့ပါသည်။ ထို့ကြောင့် ဣသာနှင့် မစ္ဆရိယကိုသာ ပယ်ရှားနိုင်မည်ဆိုလျှင် ဤလောကသည် နေချင်စဖွယ် သာယာသော လောကကြီး ဖြစ်လာပေလိမ့်မည်။

မြတ်စွာဘုရားက အမျက်ထွက်သူကို မေတ္တာတရားဖြင့် အောင်မြင်နိုင်သည်။ ဝန်တိုလွန်းသူကို ပေးကမ်းခြင်းဖြင့် အနိုင်ယူရန် ဟောကြားတော်မူခဲ့သည်ကို သတိဖြင့် နှလုံးသွင်းအပ်လှပေသည်။

(ဓမ္မရတနာ၊ ဒီဇင်ဘာ၊ ၁၉၉၉)

နေလုံးနီနီ အခါခါထွက်လို့
အခါခါ မိုးတွေချုပ်ခဲ့ပြီ၊
ဘဝအိမ်ပြန်ခါနီ
အလင်းကမ္ဘာညိုးတော့
မင်းဟာ အကျိုးတွေ မျှားခဲ့ပြီ...

သေမင်းနှင့် ရင်ဆိုင်တွေ့သောအခါ

(၅ . ၁၁ . ၉၈) နေ့က ကွယ်လွန်သွားပြီဖြစ်သော ဖြူဖြူတင်၏ အကြောင်းလေးတွေကို ရေးပြရမှာ ကျွန်မ၏ရင်ထဲမှာ ဝမ်းနည်းဝမ်းသာခံစားပြီးမှသာ ရေးပြ၍ ရမှာဖြစ်ပါသည်။ ဝမ်းနည်းခြင်းဖြစ်ရသည်က မဖြူသည် အသက် (၃၆) နှစ်သာသာပင် ရှိပါသေးသည်။ ခင်ပွန်းနှင့် လူမမည်သမီးကလေးနှစ်ယောက်ကို ခွဲခွာသွားရသည်မှာ အချိန်စောလွန်းနေသေး၍ ဖြစ်ပါသည်။ ရုပ်ရည်ကလေးကလဲ လှလိုက်သည့်ဖြစ်ခြင်း။ အသားအရည်က ဝင်းဝါ၍ မျက်လုံးကလေးများက အစဉ်

တောက်ပနေပြီး၊ နှုတ်ခမ်းကလေးများကလည်း ပြုံးပြီး နေတတ်ပါသည်။ အလွန်ပင် ဖော်ရွေ သွက်လက်ပြီး လူချစ်လူခင်များလှပါသည်။ အလယ်တန်းနည်းပြ ဆရာမလေးဖြစ်သဖြင့် သူ့ကို ချစ်သော တပည့်များလည်း အများကြီးရှိမှာပါ။ ဝမ်းသာခြင်း ဖြစ်ရသည်ကတော့ ကင်ဆာရောဂါကြီးနှင့် နောက်သုံးလေးလအကြာမှာ သေဆုံးရတော့မည်ကို သိနေသော မဖြူကို အသေတတ်ရန် ကျွန်မ တတ်စွမ်းနိုင်သရွေ့ ကူညီနိုင်ခဲ့ပြီး သေအံ့ဆဲဆဲမှာ မိတ်ဆွေကောင်းအဖြစ် ရပ်တည်နိုင်ခဲ့၍ ဖြစ်ပါသည်။

အင်မတန် ကံဆိုးရှာသော မဖြူသည် ပထမ သားအိမ်ကင်ဆာဖြစ်ပြီး ခွဲစိတ်ကုသခဲ့ရသည်။ လများမကြာမီမှာ ဗိုက်ထဲမှ အောင့်လာပြီး အစာစားလျှင် မချိမဆန့် နာလာပါသည်။ အားလုံးစမ်းသပ်ကြည့်လိုက်သောအခါ ပန်ကရိယ Pancreas ကင်ဆာ ဖြစ်နေပါပြီ။ တပ်မတော်စစ်ဆေးရုံကြီးသို့ တင်ပြီး ခွဲစိတ်လိုက်သောအခါ

မာလကာသီးအလုံးလောက်ရှိပြီး ပျံ့နှံ့နေပါ၍ ဘာမျှ လုပ်၍မရတော့ပါ။ အစာစား၍ရရန် အစာအိမ်လမ်းကြောင်းကို အနည်းငယ် ပြုပြင်ပေးပြီး ဝမ်းဗိုက်ကို ပြန်ပိတ်လိုက်ကြပါသည်။ ထိုကဲ့သို့ မပြုလုပ်မီက မဖြူသည် သူ၏ လူနာမှတ်တမ်း (Chart) ကို ယူဖတ်ကြည့်ပြီး CA ဆိုသည်ကို သိသွားခဲ့သည်။ အစာကလဲ မဝင်သလောက် ဖြစ်နေပြီး စိတ်ဓာတ်ကလဲ အလွန်ကျသွားရှာပါသည်။ မိသားစုရှေ့မှာတော့ သူ ဟန်ဆောင်နေသည်။ မိဘများလဲ စိတ်ဆင်းရဲကြရသည်။ မရဏာမင်း၏နောက်သို့ လိုက်ရမည်ကို မည်သူ မတုန်လှုပ်ဘဲ နေပါမည်နည်း။ မိခင်က သမီးရှေ့မှာ စိတ်မထိန်းနိုင်ပဲ လာလာ ငိုတတ်သကဲ့သို့ ဖခင်ကလဲ သမီးစိတ်နှင့် ထမင်းစားရင်း ထမင်းနင်ပြီး မူးလဲသွားမတတ် ဖြစ်ခဲ့ပါသည်။ အပူမီးတောက်က ကြီးမားလှပါသည်။

ကျွန်မသည် ရိပ်သာ မကြာခဏဝင်ပြီး ဝိပဿနာတရားကို အားထုတ်၍ အသေတတ်ရန်

ကြိုးစားကျင့်ကြံနေသည်မို့ သေခါနီးမှာ အားကိုးစရာ အာစိဏ္ဏကံသန်အောင် ပြုကျင့်ထားရန် အရေးကြီးကြောင်း သိထားပါသည်။ မဖြူကိုလဲ ဘဝကူးကောင်းရန် ကူညီမှ ဖြစ်တော့မည်ဟု တွေးမိပြီး၊ ဘဝထဲမှာ တရားရှာ၍ လူအများ နားလည်ရန် ဟောကြားတော်မူလေ့ရှိသော မဟာမြိုင် တောရဆရာတော် ဦးဇောတိက၏ တရားခွေများစွာထဲမှ "သောကကင်းဝေးစေရန်" နှင့် "တရားအားထုတ်ခြင်းသည် လူသဘာဝ" တရားခွေများကို ပေးပြီး "မဖြူ ဒီတရားခွေတွေနာရင် စိတ်အေးချမ်းသာပြီး နေတတ်လာလိမ့်မယ်။ ကြိုးစားပြီး နာကြည့်ပါ" ဟု ပြောခဲ့ပါသည်။ မဖြူ၏ မောင်ဖြစ်သော ကျွန်မ၏ သားမက် မောင်သန့်ဇင်ကိုလဲ နားကြပ်နှင့် နားထောင်ရသော Walkman ကက်ဆက်တစ်လုံး သွား၍ ပို့ခိုင်းခဲ့ပါသည်။

နောက် သုံးလေးရက်အကြာမှာ သမီးနှင့် သားမက်တို့ မဖြူဆီမှ ပြန်လာကြသောအခါ သူထံမှ ကျွန်မအတွက် ဝမ်းမြောက်ဖွယ်စကားများ

ပါလာသည်။ "အန်တီ့ကို ကျေးဇူးသိပ်တင်တယ်။ ဘုန်းဘုန်းရဲ့ တရားခွေတွေက ကျွန်မကို ကယ်လိုက်တာပဲ၊ မသေခင် တရားနဲ့ ဘယ်လို နေရမယ်ဆိုတာ သိသွားပါပြီ။ အရင်က သမီးတွေကို ဆေးရုံခေါ်လာရင် သိပ်စိတ်ဆိုးမိတယ်။ မကြာခင် ခွဲခွာကြရတော့မယ်ဆိုတာ သတိပေးသလို ဖြစ်နေလို့ပါ။ အခုတော့ စိတ်မဆိုးတော့ပါဘူး။ မသေခင်မှာ မိသားစုနဲ့ ချစ်ချစ်ခင်ခင် နေသွားတော့မယ်။ အဖေတို့ကိုလဲ သိသိကြီးနဲ့ ဟန်ဆောင်နေကြရတာ စိတ်ပင်ပန်းပါတယ်။ သမီးလဲ သေရမှာကို လက်ခံလိုက်ပါပြီ။ အဖေတို့လဲ လက်ခံလိုက်ကြပြီး အရင်ကလိုပဲ နေကြပါလို့ ပြောလိုက်ပါသည်တဲ့" ဆရာတော်၏ "မေတ္တာတရား" စာအုပ်ကို သူ ဖတ်သလို သူဖခင် ဦးစိန်တင်ကလဲ ဖတ်ပြီး စိတ်သက်သာရာရကြောင်း ပြောပြပါသည်။ တရားခွေတွေလဲ နာပါသည်။ သားအဖနှစ်ယောက်စလုံးကို တရားနှင့် ကူညီနိုင်ခဲ့၍ ကျွန်မ ကျေနပ် အားရခဲ့ပါသည်။

အိမ်သို့ ပြန်ရောက်သောအခါ မြန်မာဆေးနှင့် ကုသနေသည်။ စိတ်ဓာတ်က တက်နေ၍ လန်းဆန်းနေပါသည်။ သားအဖတွေ ကင်ဆာဆဲ(လ်)တွေအကြောင်း ဆွေးနွေးနေကြတာ နားထောင်ပြီး သူတို့၏သတ္တိကို မချီးမွမ်းဘဲ မနေနိုင်ခဲ့ပါ။ မဖြူက သီတဂူဆရာတော်ဘုရား၏ "ကုသိုလ် (၇) မျိုး" တရားခွေကို "မသေခင်လုပ်ရမယ့် ကုသိုလ် (၇) မျိုး၊ အန်တီနာကြည့်ပါ။ ကျွန်မတော့ ကုသိုလ်တွေအားလုံးနီးပါး လုပ်ပြီးပြီ" ဟု ပြောပြီး ပေးလိုက်ပါသေးသည်။ ကျွန်မက ဆရာတော် ဦးဇောတိက၏ "ငြိမ်းချမ်းခြင်း" တရားကို ပေးပြီး "ဒီတရားကတော့ နေ့နေ့ညည မဖြူနာယူပြီး အားထုတ်ရမယ့် တရား၊ စိတ်ရောလူပါ အေးချမ်းပါလိမ့်မယ်" ဟု ပြောပြခဲ့ပါသည်။

နောက် မကြာခင်မှာ ဘယ်ခြေထောက်နှင့် ဘယ်လက် လှုပ်၍မရတော့ပါ။ ဦးနှောက်အထိပ်ပွန့်သွားပြီဟု သိရပါသည်။ သတိက အလွန်ကောင်းသည်။ စိတ်ဓာတ်လဲမကျရှာပါ။ အစာက သိပ်မဝင်

သိပ်ထွက်လာပြီး သွေးပေါင် ခြိန်က ၄၀ - ၂၀ အထိ ကျသွားသည်။ ညပိုင်းအထိပဲ ခံမည်ဟု ဆရာဝန်များက ခန့်မှန်းကြသည်။ စကားပြောတာ လေးသွားသည်။ သတိကတော့ အလွန်ကောင်းသည်။ သူ့ဘေးနားမှာ ကျွန်မ ပဌာန်းရွတ်ပေးနေသောအခါ နားစိုက်ပြီး နာသည်။ ပြုလုပ်ခဲ့သည့် ဒါနကုသိုလ်များ ဆင်ခြင်ခိုင်းသည်။ ဘာလျှောင့်သေးလဲမေးတော့ ကထိန်သင်္ကန်း မကပ်ရသေးဘူးဟု ပြောပါသည်။ "ငြိမ်းချမ်းခြင်း" တရားကို မပြတ်နာနေသည်။ နောက်နေ့မှာတော့ အံ့သြစရာကောင်းလောက်အောင်ပင် ပြန်ကောင်းသွားပါသည်။ သွေးပေါင်ခြိန်က ပြန်တက်လာသည်။

နောက် ရက်အနည်းငယ်ကြာသောအခါ တစ်ကိုယ်လုံး ပြာသွားပြီး သတိလစ်သွား၍ အောက်ဆီဂျင် ပေးရကြောင်း၊ သတိရလာသောအခါ စကားကို လေသံနှင့်သာ ပြောနိုင်တော့၍ ကျွန်မကို ခေါ်ပေးပါပြော၍ နေ့လည်ဘက်တွင် ရောက်သွားပါသည်။ မဖြူအတွက် အာခြိန်မရှိ

တော့ နာလဲနာလာပြီး ကျောမှာလဲ အကျိတ် ထွက်လာပါသည်။ မိုးကုတ်ရိပ်သာဖြစ်သော အောင်ဆန်းတပ်ဦးတောရကျောင်းတွင် မဖြူ ယောဂီအဝတ်ဖြင့် သုံးရက် တရားအားထုတ်ဖြစ်ပါသည်။ "ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ လိုတော့သည်လို့ မိုးကုတ်ရိပ်သာမှာ ရေးထားတာ ကျွန်မနဲ့ အကိုက်ဆုံးပါပဲ" ဟု ပြောပြနေပါသေးသည်။ ဆရာတော် ဦးသဒ္ဓမ္မကိတ္တိသာရန့်င့် မဖြူတို့မိသားစုမှာ ဆရာဒကာ အရင်းအချာများ ဖြစ်ကြ၍ မဖြူကို နောက်ဆုံးအချိန်မှာ မည်ကဲ့သို့ စိတ်ထားရမည်ကို ဟောကြားပြသပေးတော်မူသည်ဟု သိရှိရပါသည်။ ဝိပဿနာတရားလဲ မဖြူနှင့်အတူ ပါသွားပါတော့မည်။ မဖြူ ကံကောင်းလေစွဟု ဝမ်းသာပီတိဖြစ်ရပါသည်။

ရိပ်သာကပြန်လာပြီး မကြာခင်မှာပင် ဝမ်း အမည်းတွေ သွား၍ ဆေးရုံပြန်တင်လိုက်ကြသည်။ တစ်ပတ်လောက်နေမှ သွားကြည့်ဖြစ်သော အခါ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုညနေမှာ ခွေးတွေ

တော့ဘူးဆိုတာ ထင်ရှားနေပါပြီ။ သူ့ရှေ့မှာ ကျွန်မမျက်နှာကို ကြည်လင်ရွှင်လန်းနေအောင် ထားရသည်။ မျက်လုံးတွေကို တစ်ခုခု တွေးနေသကဲ့သို့၊ ပြောချင်နေသကဲ့သို့ တွေ့ရသည်။ ကလေးများကိုတော့ မမေးတော့ပါ။ ခင်ပွန်းသည်ကိုတော့ လှမ်းတွေ့လိုက်လျှင် လက်ပြပြီး အနားကို ခေါ်သည်။ သူ အာရုံပြောင်းအောင် အနားမှ ရွှတ်ဖတ်ပေးသည်။ သရဏဂုံသုံးပါးကို စိတ်ထဲက နှလုံးသွင်းပြီး လက်ချိုး၍ မှတ်ပါဆိုလျှင် လက်ချိုး၍ မှတ်ပါသည်။ နားမှာလဲ "ငြိမ်းချမ်းခြင်း" တရားကို နာလျက် သူဘာသာသူ နားကြပ်ကိုယူပြီး တပ်သည်။ ဆရာတော်သာ မြင်ရလျှင် ဝမ်းသာကြည်နူးမှာ သေချာပါသည်။ ဆရာတော်က တောရထဲ ပြန်မကြွခင် လူနာ၏ ခံစားချက်ကို စာနှင့် ရေးတာလေး လိုချင်သည်ဟု မိန့်မှာသွားပေမယ့် မဖြူက ရေးနိုင်စွမ်းအား မရှိရှာတော့ပါ။ "ရေးပေးရအုံးမယ်" ဟု သတိရတိုင်း ပြောရှာပါသည်။ ဆရာတော်ကို မဖြူ ဖူးခွင့်ကြုံပါစေဟု ဆုတောင်း

ပေးနေရသည်။

သူ့ခင်ပွန်း ဝိုလ်မှူးသက်ထွန်း၏ ပြောပြချက်အရ "မဖြူက နာလာရင် ဂနာမငြိမ် လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။ မျက်နှာအမူအရာ ပြောင်းလာတယ်။ လက်က ခေါင်းရင်းက ကုတင်တိုင်ကို တအားဆုပ်ထားတတ်တယ်။ အသံထွက်ပြီး တစ်ခါမှ မငြီးရှာပါဘူး။ အဲဒီလို ဖြစ်လာရင် "ငြိမ်းချမ်းခြင်း" တရားကို ဖွင့်ပေးလိုက်တယ်။ တဖြည်းဖြည်း သူမျက်နှာ ကြည်လင်လာပြီး ငြိမ်သွားတယ်။ သူဝေဒနာကို တရားနဲ့ ကျော်လွန်အောင် လုပ်နိုင်တယ် ထင်ပါရဲ့၊ ပြီးရင် ပရိတ်ကြီးအခွေကို နာစေတယ်။ သာဓု လိုက်ခေါ်တယ်" ဟု သိရပါသည်။ တရားများ အင်မတန် စွမ်းဆောင်နိုင်ပါရဲ့၊ မဖြူသည် မြတ်စွာဘုရား ဟောကြားတော်မူသော "ကိုယ်မှာပင် နာသော်လည်း၊ စိတ်မှာလည်း မနာအောင်နေ" ဆိုတာကို သဘောပေါက်သွားပြီဆိုသည်ကို ကျွန်မ သိလိုက်ပါပြီ။

အဲဒီနေ့က ကျွန်မ ပြန်ခါနီးတွင် ဇလွန်

ပြည်တော်ပြန် ဘုရားပုံတော်ကိုပေးတော့ သူလက်နှင့်ယူပြီး ခေါင်းပေါ်သို့ တင်ပါသည်။ မဖြူ ခေါင်းပေါ်မှာ မြတ်စွာဘုရားရှိတယ်။ အာရုံပြုပြီး အသက်ရှူတာလေးကို မှတ်နော်၊ စိတ်ထဲမှာ ဘာမှ မထားနဲ့၊ လုပ်သင့်တာတွေအားလုံး လုပ်ပြီးပြီပဲ" ဟု ပြောသောအခါ စကားပြောရန် ကြိုးစားသည်။ နားမလည်၍ သူခင်ပွန်းက နားနားကပ် နားထောင်မှ "အမေ့ကို တရားထိုင်ခိုင်းပါ" တဲ့ သူ့အမေကို စိတ်မချ ဖြစ်နေရှာတားကိုး။ "စိတ်ချမဖြူ၊ အန်တီရိပ်သာဝင်ရင် အမေ့ကို ခေါ်သွားမယ်နော်" ဟု ပြောမှ စိတ်အေးသွားဟန် တူပါသည်။ ဆေးရုံမှာလည်း အလူးအလဲဖြစ်ပြီး ပြန်ပြန်ကောင်းလာ၍ မျက်လှည့်ပြနေတာလားဟု ပြောကြသည်။ သူနဲ့ကျွန်မ နောက်ဆုံးတွေ့ကြခြင်းပါပဲ။ သေခါနီး ကာလမှာ ကျွန်မက မဖြူအတွက် မိတ်ဆွေကောင်း ဖြစ်ခဲ့ရ၍ အတိုင်းမသိ ကြည်နူးခြင်း ဖြစ်ရပါသည်။

နောက်သုံးရက်အကြာ ၅ . ၁၁ . ၉၈

မနက် ၈ : ၄၅ မိနစ်မှာ တစ်ချက်ကလေး ရှိုက်လိုက်ပြီး အသက်ပါသွားသည်။ "ငြိမ်းချမ်းခြင်း" တရားကို နောက်ဆုံးအချိန်အထိ နာသွားပါသည်။ မဖြူ သုဂတိဘုံကို ရောက်သွားမှာ သေချာသလောက်ပါပဲ။ မဖြူ၏ အသုဘသည် စည်ကားလှသည်။ တပ်မတော်စစ်ဆေးရုံမှ သရဏာဂုံတင်ရာ ခန်းမကြီး လျှံထွက်သွားပါသည်။ လိုက်ပါ ပို့ဆောင်သူများ တစ်ထောင်ကျော်မည် ဖြစ်ပါသည်။ ယပ်တောင်များ၊ တရားစာအုပ်များ (၇၀၀) ဝေသည်မှာ မလောက်ငှပါ။ သူခင်ပွန်း၏ ဆန္ဒအရ စစ်သခ္ဓိုင်းမှာ ဂူသွင်းမြှုပ်နှံပါသည်။ ကလေးများက သနားစရာ၊ မိခင်မဲ့ကြရပြီ။ လူတိုင်းအတွက် သေခြင်းတရားက အရိပ်ပမာ အနားမှာကပ်၍ လိုက်နေပါသည်။ လူတိုင်း သေရဲသော အားကိုးတစ်ခု ရှိထားမှ ဖြစ်ပါမည်။ ဒါန၊ သီလ၊ ဘာဝနာ တစ်ခုခုကို နေ့စဉ်မပြတ် လုပ်နေသင့်သည်။

ဂီတစာဆို မောင်ကြေးမုံ၏ သီချင်းစာသားကလေးကို လေ့လာဆင်ခြင်ကြည့်ကြစေချင်ပါ

သည်။ သံဝေဂရဖွယ် ခံစားရပါသည်။

နေဝန်းနီနီရောင်နီပျိုးတော့ မှောင်ရီညို့လို့
လင်းခဲ့ပြီ၊ လူသားလူရွာ နေခြည်ဆမ်းလို့
ရွှေရည်လွှမ်းလို့ လန်းခဲ့ပြီ၊ လောကလူရွာ
သတ္တဝါဟူသမျှ တဏှာမြူထဖုံးကြသည်။
ကိလေလောင်မီး ထိန်ထိန်မွှေးလို့ အိမ်ပြန်
မေ့ကာ မျောကြသည်။ နေလုံးနီနီ အခါခါ
ထွက်လို့ အခါခါမိုးတွေ ချုပ်ခဲ့ပြီ၊ ဘဝ
အိမ်ပြန်ခိုန် အလင်းကမ္ဘာညိုးတော့၊ မင်းဘာ
အကျိုးတွေများခဲ့ပြီ၊ ဖြေကြစမ်း ဖြေစမ်းပါ။
အို လောကခရီးသည်ကြီး၊ အို လောက
ခရီးသည်ကြီး

လောကမှာ ရှိနေကြသော လူသား များမှာ ဘဝသံသရာခရီးကြီးက ဘယ်အချိန်က လာမှန်းမသိရသလို၊ ဘယ်တော့မှ ရပ်နားကြရ မည်ကိုလဲ မပြောနိုင်ကြပါ။ ရှေ့ဆက်သွားရဦးမည့် ခရီးက အဆုံးအစမရှိ၍ ဘဝကူးတံတားကို ခိုင်မာအောင် ကြိုတင်ဆောက်ထားကြရမှာ ဖြစ်ပါ

သည်။ အာစိဏ္ဏကံ ပိုင်နိုင်ထားလျှင် သေခါနီး ဖြစ်ပေါ်လာမည့် အာသန္နကံက ဖြစ်ပေါ်လာမှာ ဖြစ်ပါသည်။ မဖြူကဲ့သို့ သတ္တိရှိစွာဖြင့် မရဏမင်းကို ရင်ဆိုင်နိုင်ကြပါစေ။ လောကမှာ နေနည်းထက် သေနည်းက ပို၍ အရေးကြီးကြောင်း နှလုံးသွင်းပြီး ဒါန၊ သီလ၊ ဘာဝနာ တစ်ခုခုကို အားကိုးရှာထားနိုင်ပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ဘဝ အိမ်ပြန်ချိန်မှာ မေ့မေ့လျော့လျော့ မရှိကြပါစေနှင့်။

၁၉၅၆ ခုနှစ်က
စာရေးသူ (ဝဲဘက်အစွန်) နှင့် သူငယ်ချင်းများ

၁၉၉၆ ခုနှစ်က
စာရေးသူ (ယာမှဒုတိယ) နှင့် သူငယ်ချင်းများ

စကားပြောသော ဓါတ်ပုံနှစ်ပုံ

ကျွန်မ၏ ဧည့်ခန်းတွင် ဓါတ်ပုံနှစ်ပုံ ယှဉ်လျက်သား ရှိနေပါသည်။ အဖြူအမဲ ဓါတ်ပုံလေးမှာ လွန်ခဲ့သော အနှစ်လေးဆယ်ကျော် (၁၉၅၆) ခုနှစ်တွင် ကျွန်မတို့ ငယ်သူငယ်ချင်းလေးယောက်ထီးတန်းကောလိပ်၌ ရိုက်ထားသော ပုံဖြစ်ပါသည်။ တက္ကသိုလ်သို့ရောက်သည့် နှစ်မို့ အသက်အရွယ်တွေက နုနုငယ်ငယ်၊ ကျစ်ဆံမြီးလေးတွေ ကိုယ်စီနှင့်ပါ။ ရိုက်ပေးသူက ထိုစဉ်က ကျွန်မ၏ ခင်ပွန်းလောင်း၊ ယခုတော့ သူလဲ မရှိတော့ပြီ။ သူရိုက်ပေးခဲ့သော ဓါတ်ပုံလေးကတော့ မပျက်စီးသေးဘဲ

ရှိနေပါသေးသည်။ ဘဝမှာ အမှတ်တရပုံလေးပါပဲ။

နောက်တစ်ပုံကတော့ ပထမပုံထဲမှာပါသည့် သူငယ်ချင်းတစ်ယောက်၏ အသက်ခြောက်ဆယ်ပြည့်မွေးနေ့မှာ ရိုက်ထားသည့် ပုံဖြစ်ပါသည်။ ငယ်သူငယ်ချင်းများ တစ်စုတဝေးထဲ ပြန်ဆုံတွေ့ကြစဉ် ကျွန်မတို့မျက်နှာတွေမှာ အပြုံးတွေဝေနေသည်။ ယခုသော် ဇရာ၏ အရေးအကြောင်းများက ကျွန်မတို့မျက်နှာပေါ်မှာ ကိုယ်စီ ကိုယ်ငှရှိနေကြသည်။ ဆီးခြိုဖြစ်နေတဲ့သူ၊ သွေးတိုးရှိနေတဲ့သူ၊ ဒူးနာခါးနာသူ၊ အဆစ်အမြစ်ကိုက်တတ်သူ၊ မျက်စိတိမ်စွဲ၍ ခွဲစိတ်ထားကြရသူ စုံလို့ပါပဲ။

ထိုဓါတ်ပုံနှစ်ပုံက စကားတွေ အများကြီး ပြောနေကြပါသည်။ တရားတွေလဲ အများကြီး ပြနေပါသည်။ ရုပ်နာမ်ဓမ္မ သခ်ါရကို ထင်ထင်ရှားရှား မြင်နေရပါသည်။ ဇာတိဇရာ၊ မရဏာလမ်းကြောင်းအတိုင်း သွားနေကြရပါသည်။ အိုလဲ အိုခဲ့ပြီ၊ နာလဲ နာနေကြပါပြီ။ မရဏာမင်းနောက်သို့ လိုက်ရန်သာ စောင့်နေကြရသည်။ ယခုခေတ်

လူ့သက်တမ်းနှင့် ဆိုလျှင် ဘဝနေဝင်ချိန်နားကပ်နေပါပြီ။ ဓါတ်ပုံလေးတွေကို နေ့စဉ်ကြည့်တိုင်း မင်းကွန်းဆရာတော်ဘုရားကြီး၏ လက်ဝဲကို သတိရဆင်ခြင်မိပါသည်။

ရုပ်ဟုတွင်မည် ခန္ဓာသည်ကား၊ နာမ်ဟုတွင်မည်၊ ခန္ဓာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်တာဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်၊ ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏။

ထိုသို့ဆင်ခြင်နေရုံနှင့် မပြီးသေး ကိုယ့်ဖို့ပါအောင် ကိုယ်ပိုင်အလုပ်ကို ခပ်သုတ်သုတ် လုပ်ကြရပေမည်။ "ဒါန သီလ တင်မက ဘာဝနာလိုသေးတယ်နော်၊ ရိပ်သာဝင်ပါ။ သတိနဲ့နေပါ၊ ဝိပဿနာပွားများပါ" ဟု တစ်ယောက်နှင့်တစ်ယောက် သတိပေးကြ တိုက်တွန်းအားပေးကြရပါသည်။

သူငယ်ချင်းများ ခေတ်ပညာတတ်များ၊ ဆရာမကြီးများ ဖြစ်ကြသည့်အလျောက် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားကို ဆင်ခြင်သဘောပေါက်

လွယ်ကြပါသည်။ ရိပ်သာဝင်၍ ကိုယ်စီ အားထုတ်ကြသည်။ ဥပုသ်နေ့တိုင်း ရိပ်သာမှာ တရားထိုင်နာကြသည်။ အဘိဓမ္မာသင်တန်း၊ ပဌာန်းသင်တန်းများ တက်ကြသည်။ မေတ္တာဗျူဟာအသင်းကြီးနှင့် အတူ အပတ်တိုင်း စုပေါင်းမေတ္တာဘာဝနာ ပွားများကြသည်။ ဒါန ကုသိုလ်ပြုရန်ဆိုလျှင်လည်း လက်မနှေးကြပါ။

ကျွန်မတို့သည် ဘဝသက်တမ်း၏ သုံးပုံမှာ နှစ်ပုံခန့် စားဝတ်နေရေး၊ လူမှုရေးနှင့်သာ နစ်မြုပ်အချိန်ကုန်ခဲ့ကြပါသည်။ စာပေဖတ်ရှုရာမှာလဲ ငယ်စဉ်ကစ၍ ဝတ္ထုများ၊ ဗဟုသုတရဖွယ် စာအုပ်များကိုသာ အစဉ်တစိုက် ဖတ်ခဲ့ကြပါသည်။ အသက်ငါးဆယ်နားနီးမှသာ တရားဓမ္မ စာပေများကို လေးလေးနက်နက် ဖတ်မိခဲ့တော့ ဖတ်စရာ၊ မှတ်စရာ ကျင့်သုံးစရာများ ကုန်နိုင်ဖွယ်ရာ မရှိပါ။

ကျွန်မတို့အဖို့ သေဆုံးသွားသည်အထိ ဖတ်လို့ကုန်မည်မဟုတ်ပါ။ ဓမ္မပဒ၊ အရှင်ဇနကာဘိဝံသ၏ ဓမ္မစကြာ၊ အခြေပြုပဌာန်း၊ နောက်ဆုံး

ဆယ်လ မြတ်ဗုဒ္ဓ၊ ပဌာန်းသိပ္ပံဆရာတော်၏ အခြေပြုပဌာန်း၊ ဦးရွှေအောင်၏ ဗုဒ္ဓ (သို့) လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် စသော စာအုပ်များသည် ထပ်ခါတလဲလဲ ဖတ်လို့မဝနိုင်အောင် ရှိပါပေသည်။

ကျွန်မသည် ယောဆရာတော်ဘုရားညွှန်ပြထားတော်မူသော အသေမကြောက်သူ၊ လူလေး ယောက်ဖြစ်သော

၁။ ကာမဂုဏ်စည်းစိမ် ဥစ္စာတို့၌ မတွယ်တာမစွဲလမ်းသူ

၂။ မိမိ၏ ကိုယ်ခန္ဓာ၌ မတွယ်တာ မစွဲလမ်းသူ။

၃။ စိတ်အားထက်သန်စွာ ပြုလုပ်ထားသော ကိုယ်ပိုင်ကောင်းမှုများ ကြွယ်ဝပြည့်စုံနေသူ။

၄။ ကိုယ်ပိုင်စွမ်းအား မြတ်တရားအပေါ် အမြင်ရှင်း၍ ယုံမှားကင်းသူ

ထိုလေးယောက်အနက်မှ တစ်ယောက်ဖြစ်စေရန် ကြိုးစားအားထုတ်လျက်ရှိပါသည်။ ဤလေးမျိုးတွင် စွမ်းအားတစ်ခုရှိလျှင် ကျန်သုံးခု

မှာလည်း ရှိပြီးသားသာ ဖြစ်ပါသည်။

ကျွန်မတို့ အသက် ခုနှစ်ဆယ်ပြည့်လျှင် ဤကဲ့သို့ ပေါင်းဆုံပြီး ဓါတ်ပုံရိုက်နိုင်ပါဦးမည်လော၊ အသက်ထင်ရှား ရှိနေပြီး၊ အိုမင်းမစွမ်းလည်း မဖြစ်သေးလျှင်တော့ ဖြစ်နိုင်စရာ ရှိပါသည်။ ထိုအခါ ဓါတ်ပုံက သံဝေဂဖွယ် စကားများကို ပြောကြားပါလိမ့်မည်။ သံသရာကြီးထဲမှာ ဘဝတွေ မရုပ်မနား အဆက်မပြတ် ကရွတ်ခွေ ကင်းလျှောက်သလို လည်နေခဲ့တာ ဒုက္ခသက်ကြီး ရှည်လှပြီ။ ဘဝတွေထဲမှာ ပျော်နေကြသလား၊ တော်ချင်ကြပါတော့၊ ဒုက္ခတွေ သိမ်းချင်ကြပါတော့၊ ရုပ်နာမ်အစုထဲမှာ အမှန်တရား၊ သစ္စာတရားကို ရှာဖွေပြီး အညစ်အကြေးတွေ ကုန်စင်အောင် အားထုတ်ပါ။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ကြိုးစားကြပါတော့ဟု ပြောလိမ့်မည်သာ ဖြစ်ပါတော့သည်။